# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၂၄၁)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

- သစ်တောများသည် ရာသီဥတုပြောင်းလဲမှုအား ထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ ရေ၊ လေသန့်စင်ခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်း စသည့် ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးပါသည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မွမ်ဘိုင်းမြို့ ဂျဝါဟာလာနေရူးဆိပ်ကမ်းအတွင်း ကြည့်ရှုလေ့လာစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မွမ်ဘိုင်းမြို့သို့ရောက်ရှိ၊ ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်လေ့လာ

နေပြည်တော် ဇွန် ၂

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့ Palam လေတပ်စခန်းမှ မွမ်ဘိုင်းမြို့သို့ အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆




## ကျိုင်းတောင်းစက်ရုံ၏ ဓာတ်အားပေးစက်များအား အလှည့်ကျ ရပ်တန့်၍ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၂

ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်တိန်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ၁၈ မဂ္ဂါဝပ်ထွက်ရှိသော ဓာတ်အားပေးစက်သုံးလုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၅၄ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံဖြစ်ပြီး Run–Off River Type စက်ရုံ အမျိုးအစားဖြစ်သည်နှင့်အညီ ရေဝင်ရောက်မှုအခြေအနေပေါ်မူတည်၍ ဓာတ်အားပေးစက်များအား မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။


*စာမျက်နှာ ၃ ကော်လံ ၅* ○


## အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယာဉ်မောင်းလိုင်စင်ဖြေဆိုခြင်းအား ရန်ကုန်မြို့ ထောက်ကြန့်တွင်ရုံးခွဲတိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ယာဉ်မောင်းလိုင်စင်ရယူလိုသူများအတွက် ယာဉ်မောင်းလိုင်စင် စစ်ဆေးထုတ်ပေးခြင်းအား တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) တွင် Online Booking စနစ်ဖြင့် အလှည့်ကျဖြေဆိုစေခြင်းအား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ဖြေဆိုသူဦးရေများပြားလာခြင်းကြောင့် လက်ရှိဆောင်ရွက်နေသည့် (ရွာသာကြီး) ရုံးအပြင် ရန်ကုန်မြို့ ထောက်ကြန့်တွင် ယာဉ်မောင်းလိုင်စင်စစ်ဆေးရေးရုံးခွဲအား (၈-၆-၂၀၂၆) ရက်မှ စတင်ဖွင့်လှစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသောကြောင့် ယာဉ်မောင်းလိုင်စင်ဖြေဆိုလိုသူများအနေဖြင့် မိမိတို့ဖြေဆိုလိုသည့်နီးစပ်ရာရုံးအား Online Booking ဖြင့် ရက်ချိန်းရယူ၍ အချိန်ကုန် သက်သာစွာဖြင့် လွယ်ကူစွာသွားရောက်ဖြေဆိုနိုင်ပါကြောင်းနှင့် Online Booking ရယူခြင်းအတွက် www.rtad.gov.mm တွင် ဝင်ရောက်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ယနေ့ မိုးလေဝသ ( ၃-၆-၂၀၂၆ )**

**နေပြည်တော်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မိုး/ဇလ

**ယနေ့ ဖတ် စ ရာ**

**နီကိုတင်းနှင့် ဆေးရွက်ကြီး စွဲလမ်းမှုကို တိုက်ဖျက်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့**


ဆောင်းပါး စာ ၁၂

မြန်မာ့အလင်း

## ဆေးလိပ်နှင့် ဆေးရွက်ကြီး ဝေးစွာရှောင် ကျန်းမာအောင်နေထိုင်ရေး အသိပညာပေး

မကူးစက်နိုင်သော ရောဂါများ (Non– Communicable Diseases) ဆိုသည်မှာ နာတာရှည်ရောဂါများဖြစ်ကြသည့် နှလုံးသွေးကြော ကျဉ်းရောဂါ၊ သွေးတိုး၊ သွေးချို/ဆီးချို၊ ကင်ဆာ၊ နာတာရှည် အဆုတ်ရောင် စသည့်ရောဂါများပင်ဖြစ်သည်။ အဆိုပါ မကူးစက်နိုင်သော ရောဂါများဖြစ်ပွားရခြင်းသည် နေ့စဉ်စားသောက်မှု၊ လူမှုဘဝ နေထိုင်မှု စသည်တို့တွင် ကျန်းမာရေးနှင့် မညီညွတ်သည့် ပုံစံများကို ကာလကြာရှည်စွာ စားသောက်နေထိုင် ထိတွေ့နေကြခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင် သေဆုံးသူ ၁၀၀ လျှင် ၅၉ ဦးသည် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးနေကြခြင်းဖြစ်သည် ဟုဆိုရာ လူတိုင်း နေ့စဉ် စားသောက်နေထိုင်မှုတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန် ဂရုပြုကြရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် ရောဂါများမှာ မြန်မာနိုင်ငံတွင် အဖြစ်များသည့် ရောဂါများဖြစ်ပြီး အဆိုပါရောဂါများ မဖြစ်အောင် ကာကွယ်နိုင်သည့် နည်းလမ်းများရှိပြီးဖြစ်သည်။ အစားအသောက်များတွင် အချို၊ အငန်၊ အဆီ လွန်ကဲသည့်စားစရာများ၊ အသင့်ထုပ်ပိုးထားသည့် အစားအစာများကို အနည်းငယ်မျှသာ စားသုံးရန်၊ တိရစ္ဆာန်အဆီများရှောင်ကြဉ်ရန်၊ စားအုန်းဆီလျှော့စားရန်၊ ကွမ်းစားခြင်းကိုရှောင်ကြဉ်ရန်၊ အမျှင်ဓာတ်ပါသည့် ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံများကို များများစားသုံးရန်၊ ကိုယ်ကာယ လှုပ်ရှားမှု လေ့ကျင့်ခန်းများကို တစ်နေ့လျှင် နာရီဝက်၊ တစ်ပတ်လျှင် ၅ ရက် သင့်တော်သည့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ရန်၊ သွက်လက်တက်ကြွစွာ နေထိုင်ရန်၊ အထိုင်များခြင်း၊ လှုပ်ရှားမှုနည်းခြင်း၊ တီဗွီ၊ အင်တာနက် ဆက်တိုက်ကြာရှည်စွာ အသုံးပြုခြင်းတို့ကို ရှောင်ကြဉ်ရန် ကျန်းမာရေးပညာရှင်တို့က တိုက်တွန်းထားသည်။

ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ရှောင်ကြဉ်ရန်၊ အရက်အလွန်အကျွံသောက်သုံးမှုရှောင်ကြဉ်ရန်၊ ရှိသင့်သည့် ကိုယ်အလေးချိန်ကို ထိန်းရန်နှင့် နေ့စဉ် ရေ (၂) လီတာခန့် သောက်သုံးရန်၊ သောကကင်းဝေးအောင် ကြိုးပမ်းနေထိုင်ကြရန် တို့မှာလည်း မကူးစက်နိုင်သော ရောဂါများ ကာကွယ်နိုင်ရန်အတွက် မဖြစ်မနေလိုအပ်သည်။ အသက် ၄၀ ကျော်လာသူများ သွေးချို/ဆီးချိုနှင့် သွေးတိုးရောဂါများဖြစ်ပွားနေမှု ရှိ/မရှိ ပုံမှန်စစ်ဆေးသင့်ပြီး ရောဂါဖြစ်ပွားမှုသိရှိရပါက ဆောလျင်စွာပြသပြီး ပုံမှန်စစ်ဆေးကုသမှုခံယူကြရမည်ဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာပေါ်တွင် မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားခြင်းကြောင့် နှစ်စဉ် လူဦးရေ သန်း ၄၀ ကျော် သေဆုံးနေကြရသည်ဟုဆိုသည်။ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်းသည် ကျန်းမာရေးနှင့်မညီညွတ်သည့် နေထိုင်စားသောက်မှု ပုံစံများကြောင့်ပင်ဖြစ်ရာ အဆိုပါအကြောင်းရင်းများအနက်မှ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု တစ်ခုတည်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေ ၈ သန်းကျော် သေဆုံးနေကြရသည်။ ၎င်းအနက်မှ ၁၀ ရာခိုင်နှုန်းသည် အခြားသူသောက်သည့် ဆေးလိပ်ငွေ့ကြောင့် သေဆုံးနေကြရခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ကြောင့် သေဆုံးရသူများထဲမှ ၄ ပုံ ၃ ပုံသည် အပြစ်ကင်းစင်သော ကလေးငယ်များနှင့် အမျိုးသမီးများဖြစ်ကြသည်ဟုလည်း လေ့လာမှုစစ်တမ်းများအရ သိကြရသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် လွန်ခဲ့သည့် ၁၀ နှစ်ကထက် ဆေးလိပ်သောက်သုံးမှုနှုန်း၊ ကွမ်းယာအပါအဝင် ဆေးရွက်ကြီး သုံးစွဲမှုနှုန်းလျော့ကျလာသည်ဟူသော ကောင်းသတင်းကို ကြားသိရသည်။ ၂၀၂၄ ခုနှစ်က ပြုလုပ်ခဲ့သည့် သုတေသနအရ ဆေးလိပ်သောက်သုံးမှုနှုန်း၊ ကွမ်းယာအပါအဝင်ဆေးရွက်ကြီးသုံးစွဲမှုနှုန်းသည် ၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရှိရခြင်းဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုသည် မကူးစက်နိုင်သော ရောဂါများဖြစ်ပွားစေသည့် အကြောင်းရင်းများ အနက်မှ အကြောင်းရင်းတစ်ခုသာဖြစ်သည်။ သို့ရာတွင် မြန်မာနိုင်ငံ အပါအဝင်ဖြစ်သည့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူပေါင်း ၈ သန်းကျော်ကို သေဆုံးစေသည့် အကြောင်းရင်းဖြစ်ရာ ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျလေလေ ယင်းကြောင့်သေဆုံးရမှုလည်း လျော့ကျလေလေ ဆိုသည့် အကျိုးရလဒ်ကောင်းကို ရရှိမည်ဖြစ်သည်။

ဆေးလိပ်သောက်သုံးမှုနှုန်း၊ ကွမ်းယာအပါအဝင် ဆေးရွက်ကြီး သုံးစွဲမှုနှုန်းလျော့နည်းကျဆင်းလာခြင်းသည် အသိပညာပေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာနိုင်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများအပေါ် အခွန်တိုးမြှင့် ကောက်ခံလာနိုင်ခြင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်နယ်မြေများ တိုးချဲ့လာနိုင်ခြင်းတို့၏ အောင်မြင်မှုရလဒ်အဖြစ် သုံးသပ်ထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ နိုင်ငံသားပြည်သူများအတွင်း ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးသုံးစွဲမှုများကို ကျန်းမာရေးထိခိုက်စေသည့် အပြုအမူများအဖြစ် သိရှိနားလည်ရှောင်ကြဉ်ကြပြီး ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နေထိုင်ကြရေး အသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရပါမည့်အကြောင်း။ ။

## စာပေဗိမာန်စာမူဆု (၂၀၂၅) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

**ရန်ကုန် ဇွန် ၂**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များတိုးပွားရေးအတွက် စာပေဗိမာန်စာမူဆု ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၂၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန် စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိပါသည်။

၂၀၂၅ ခုနှစ်အတွက် ဘာသာပြန်ပြဋ္ဌာန်းစာအုပ်မှာ Yuval Noah Harari ရေးသားသည့် Homo Deus: A Brief History of Tomorrow မှ အပိုင်း(၁) တွင် ပါဝင်သည့် အခန်း (၂) ခန်းကို ထုတ်နုတ်ပြဋ္ဌာန်းထားသည့်စာအုပ်ဖြစ်ပါသည်။

ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန် အရောင်းဆိုင်၊ ဖုန်း-၀၁၈-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိ စာပေဗိမာန် အရောင်းဆိုင် ဖုန်း-၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇၊ ၈၆လမ်း၊ ၂၀ x ၂၂ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၂၃၀၀ ဖြင့် ဝယ်ယူ ရရှိနိုင်ပါသည်။

ပြိုင်ပွဲဝင် စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်ရုံးတွင် ငွေကျပ် ၅၀၀ ဖြင့်သော်လည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း ရယူနိုင်ပါသည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၉၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၈-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်ပါသည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ လိပ်စာသို့ပင်လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ် ကျင်းပပြုလုပ်မည်

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ပိုမိုချစ်ကြည်ရင်းနှီးစေရေး၊ ယဉ်ကျေးမှုဖလှယ်ရေးနှင့် ပြည်သူများအကြား ထိတွေ့ဖလှယ်မှု မြှင့်တင်နိုင်ရေးတို့ကို ရည်ရွယ်၍ **“ ၂၀၂၆ ခုနှစ် တရုတ်ရုပ်ရှင်ပြပွဲ ရက်သတ္တပတ်အစီအစဉ်”** ကို ဇွန် ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဥတ္တရသီရိမြို့နယ် Ocean ဈေးဝယ်စင်တာရှိ JCGV ရုပ်ရှင်ရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပြပွဲတွင် မြန်မာဘာသာစာတမ်းထိုး တရုတ်ရုပ်ရှင်ဇာတ်ကား ၇ ကား ပြသသွားမည်ဖြစ်ရာ ပြည်သူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃ - ၆ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၅၀ | ၄၇၂၀ | ၄၆၆၅ | ၄၅၆၅ | ၄၇၂၀ | ၄၇၃၅ | ၄၇၇၅ | ၄၆၄၀ | ၄၇၇၅ | ၅၀၇၅ | ၄၆၆၀ | ၄၈၁၀ | ၄၇၆၀ | ၄၇၁၅ | ၄၇၂၀ | ၄၉၄၀ |
| 95 Ron | ၄၆၂၀ | ၄၇၉၅ | ၄၇၄၀ | ၄၆၃၅ | ၄၇၉၅ | ၄၈၁၀ | ၄၈၅၀ | ၄၇၁၅ | ၄၈၅၀ | ၅၁၅၀ | ၄၇၃၅ | ၄၉၁၅ | ၄၈၃၅ | ၄၇၉၀ | ၄၇၉၅ | ၅၀၁၅ |
| HSD (500 ppm) | ၄၅၉၅ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၀ | ၄၇၆၀ | ၄၇၇၀ | ၄၈၁၀ | ၄၆၈၀ | - | ၅၀၉၅ | ၄၇၀၀ | ၅၁၆၀ | ၄၇၉၅ | ၄၇၅၀ | ၄၇၅၅ | ၄၉၆၅ |
| HSD (50 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | ၅၇၈၀ | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |
| HSD (10 ppm) | ၅၅၅၀ | ၅၇၂၀ | ၅၆၆၅ | ၅၅၆၅ | ၅၇၂၅ | ၅၇၃၅ | ၅၇၈၀ | ၅၆၄၀ | | ၆၀၈၀ | ၅၆၆၅ | ၅၈၅၀ | ၅၇၆၀ | ၅၇၁၅ | ၅၇၂၀ | ၅၉၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၁၆ | ၄၄၃၆ |
| 95 Ron | ၄၃၈၇ | ၄၅၀၉ |
| HSD (500 ppm) | ၄၃၇၄ | ၄၄၉၁ |
| HSD (50 ppm) | ၅၂၈၇ | ၅၄၂၂ |
| HSD (10 ppm) | ၅၂၈၇ | ၅၄၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီဇွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ လာရောက်ဂါရဝပြုတွေ့ဆုံ



**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra က ယနေ့ နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများတိုးတက်စေရေးနှင့် နယ်ပယ်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများတွင် ငွေပေးချေမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ ကုန်သွယ်မှုလုပ်ငန်းများအတွက် ရူပီးနှင့် ကျပ်ငွေ တိုက်ရိုက်ပေးချေနိုင်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံမှ ဘဏ်ဝန်ထမ်းများအား ဘဏ်လုပ်ငန်းစနစ်များနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံမှ မျှဝေဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား Digital ငွေပေးချေမှုစနစ်၏ အတွေ့အကြုံများကို မျှဝေဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌနှင့်အတူ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## လာရောက်ဂါရဝပြု တွေ့ဆုံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ အိန္ဒိယနိုင်ငံ Reserve Bank of India ၏ ဥက္ကဋ္ဌ H.E. Shri. Sanjay Malthotra လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရွှေတော်ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက ယခုသင်တန်းကို ကော်မရှင်အဖွဲ့ခွဲရုံးအသီးသီးရှိ ဝန်ထမ်းများအား မြန်မာအီလက်ထရောနစ် မဲပေးစက်များနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိစေရန်နှင့် မဲပေးစက် စစ်ဆေးပြုပြင်ထိန်းသိမ်းမှုများကို ကိုယ်တိုင်စဉ်ဆက်မပြတ် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မဲပေးစက်များသည် ရွေးကောက်ပွဲအတွက် အရေးကြီးသည့် ကြီးကြပ်ကန့်သတ်ပစ္စည်းများ ဖြစ်သည့်အတွက် ထားသိုထိန်းသိမ်းရာတွင် လုံခြုံမှုရှိရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်စေ ပျက်စီးထိခိုက်မှု မဖြစ်အောင် စနစ်တကျထားသိုထိန်းသိမ်းကြရန်၊ ခြောက်လတစ်ကြိမ် စဉ်ဆက်မပြတ် ပုံမှန်စစ်ဆေးခြင်းများကို အလေးထား ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း သင်တန်းသင်တန်းပို့ချနေမှုကို ကြည့်ရှုသည်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇွန် ၂ ရက်မှ ဇွန် ၂၆ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

○ *ရွှေ့ဖုံးမှ*

၂၀၂၆ ခုနှစ် နွေရာသီကာလတွင် ရေဝင်ရောက်မှုအခြေအနေမှာ ကျိုင်းတောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားပေးစက်နှစ်လုံးသာ မောင်းနှင်နိုင်သည့် ရေပမာဏသာရှိသဖြင့် တပ်ဆင်ထားသော စက်သုံးလုံးအနက် နှစ်လုံးကို အလှည့်ကျမောင်းနှင်ပြီး ကျန်တစ်လုံးကို ရပ်တန့်ထားသည်။

လာမည့်မိုးရာသီ ရေဝင်များပြားလာမည့်ကာလတွင် ဓာတ်အားပေးစက်သုံးလုံးကို စက်စွမ်းအားပြည့်မောင်းနှင်နိုင်ရန်နှင့် ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ဓာတ်အားပေးစက်များ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် ဓာတ်အားပေးစက် သုံးလုံးအနက် အမှတ် (၁) စက်ကို ၂၀၂၆ ခုနှစ် မေ ၁၈ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အမှတ် (၂) စက်ကို မေ ၂၉ ရက်မှ ဇွန် ၇ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ စက်တစ်လုံး ရပ်တန့်ပြုပြင်နေစဉ်အတွင်း ကျန်စက်နှစ်လုံးအား မောင်းနှင်လည်ပတ်၍ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မေနှင့် ဇွန်လများတွင် ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရေဝင်ရောက်မှုအရ ဓာတ်အားပေးစက်နှစ်လုံးဖြင့် ပြည့်မီအောင် မောင်းနှင်နိုင်သဖြင့် ဓာတ်အားစနစ်သို့ ဓာတ်အားထုတ်လုပ်ပို့လွှတ်မှုကို ထိခိုက်မှုမရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

**ပညာရွှေအိုး လူမခိုး**

**ပညာရဲရင့် ပွဲလယ်တင့်**

◆ ရှေ့ဖုံးမှ

နိုင်ငံတော်သမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယအစိုးရအဖွဲ့ဝင်ဖြစ်သူ Minister of State for External Affairs Shri Kirti Vardhan Singh နှင့် အိန္ဒိယအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ သံရုံး၊ စစ်သံရုံးမိသားစုများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေ့လယ်ပိုင်းတွင် မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ကောလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဂျဝါဟာလာနေရူးဆိပ်ကမ်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဆိပ်ကမ်းဆိပ်ကမ်းအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ Mr. Gaurav Dayal ias နှင့် ဆိပ်ကမ်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဆိပ်ကမ်းအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဆိပ်ကမ်းမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်အပ်ပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆိပ်ကမ်းဆိုင်ရာသမိုင်းကြောင်းနှင့် အချက်အလက်များ၊ အရှေ့တောင်အာရှနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော အိန္ဒိယနိုင်ငံ၏ အဓိကအကျဆုံးဆိပ်ကမ်းတစ်ခုဖြစ်မှု အခြေအနေများ၊ ဆိပ်ကမ်းတွင်နည်းပညာမြင့်စက်ကိရိယာများ အသုံးပြုလျက်ရှိမှု၊ မြန်မာနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်အဖြစ် ပင်လယ်ရေကြောင်းကုန်သွယ်မှုများ၊ ဆိပ်ကမ်းဆိုင်ရာများကို ဆောင်ရွက်သွားနိုင်မှု၊ ဆိပ်ကမ်းကို အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံအတွက် စည်းကြပ်ခွန်များကို တိုးတက်ရှာဖွေပေးနိုင်ခဲ့မှု၊ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များ တိုးတက်စေရေး၊ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာများ တိုးတက်ရေးနှင့် ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်နိုင်ခဲ့မှု၊ ရိုးရိုးရှင်းရှင်းဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်မှု၊ Green Port အဖြစ် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆိပ်ကမ်းမှ PPP မော်ဒယ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိမှု၊ ဆိပ်ကမ်းနှင့်ပတ်သက်သည့် သင်တန်းများအား မျှဝေသင်ကြားပေးနိုင်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျဝါဟာလာနေရူးဆိပ်ကမ်းစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆိပ်ကမ်းလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုနှင့် အသစ်ထပ်မံတည်ဆောက်ရန်ဆောင်ရွက်လျက်ရှိသည့် Vadhavan ဆိပ်ကမ်းစီမံကိန်းမှတ်တမ်းဗီဒီယိုအားကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့အနေဖြင့် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းသည် မိမိတို့နိုင်ငံ၌ ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး ယခုဆိပ်ကမ်းသည် နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သိရှိရသဖြင့် လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် ၂၃ ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကို ကျင့်သုံးနေသည်ကိုသိရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများအရ ဆိပ်ကမ်း၏ စွမ်းဆောင်ရည်များ မြင့်မားသည်ကို တွေ့ရပြီး Green Area နှင့် Green Energy များ ဆောင်ရွက်ထားမှုကိုလည်း လေ့လာတွေ့ရှိရကြောင်း၊ မိမိလာရောက်သည့်ခရီးစဉ်သည် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံအကြားကုန်သွယ်မှုအခန်းကဏ္ဍ ပိုမိုတိုးတက်လာစေရေးအတွက် မိမိတို့နိုင်ငံ၏ ဆိပ်ကမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆိပ်ကမ်းပညာနှင့်ပတ်သက်၍ သင်တန်းများ သင်ကြားပေးမည်ဆိုပါက မိမိတို့နိုင်ငံမှ သင်တန်းသားများကို စေလွှတ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

❑ **ရှင်းလင်းပြသမှုများအရ ကမ္ဘာ့အဆင့် ၂၃ ရှိပြီး အိန္ဒိယနိုင်ငံတွင် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးဖြစ်ပြီး PPP စနစ်ကို ကျင့်သုံးနေသည်ကိုသိရှိရ**

❑ **မိမိတို့နိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းနှင့် သီလဝါဆိပ်ကမ်းနှစ်ခုရှိပြီး သီလဝါဆိပ်ကမ်းသည် အထူးစီးပွားရေးဇုန်နှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် ဆိပ်ကမ်းဖြစ်**

❑ **မိမိတို့နိုင်ငံရှိ နိုင်ငံတော်ပိုင်ဆိပ်ကမ်းများကို အဆင့်မြှင့်တင်နိုင်ရန်အတွက် ယခုဆိပ်ကမ်းသို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်**

❑ **မိမိတို့နိုင်ငံနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်၍ရသည်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်**

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဂျဝါဟာလာနေရူးဆိပ်ကမ်း ဆိပ်ကမ်းအာဏာပိုင်ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**သိရှိလိုသည်များ မေးမြန်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဂျဝါဟာလာနေရူး ဆိပ်ကမ်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဂျဝါဟာလာနေရူးဆိပ်ကမ်းသည် အိန္ဒိယနိုင်ငံ မဟာရာရှ်ထရာပြည်နယ် မွမ်ဘိုင်းမြို့၏ အရှေ့ဘက် နာဗာရှီဗာဒေသတွင်တည်ရှိကြောင်း၊ ဆိပ်ကမ်း၏ ကုန်သွယ်နိုင်မှုမှာ ကမ္ဘာ့အဆင့် ၂၃ တွင်ရှိပြီး အိန္ဒိယနိုင်ငံရှိ အဓိကကျသည့် ဆိပ်ကမ်း ၁၂ ခုအနက် အဆင့် ၁ ရှိသည့် အဆင့်မီဆိပ်ကမ်းကြီးတစ်ခုဖြစ်ကာ အိန္ဒိယတစ်နိုင်ငံလုံး၏ ကွန်တိန်နာသယ်ပို့မှု ၅၀ ရာခိုင်နှုန်းကို ယခုဆိပ်ကမ်းမှ သယ်ယူပို့ဆောင်ခြင်းဖြစ်ကြောင်း၊ ယခုဆိပ်ကမ်းကြီးသည် အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး အရှေ့တောင်အာရှဒေသနှင့် အဓိကဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ဆိပ်ကမ်းကြီးတစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား မွမ်ဘိုင်းမြို့ Chhatrapati Shivaji Maharaj အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူး Shri. Jishnu Dev နှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ရင်းရင်းနှီးနှီး ဆွေးနွေး



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၂**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ ညနေပိုင်းတွင် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူး Shri. Jishnu Dev Verma နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Maharashtra Lok Bhavan Mumbai (Governor's House) သို့ ရောက်ရှိရာ မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

### တွေ့ဆုံဆွေးနွေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် တွေ့ဆုံဆွေးနွေးကြသည်။ အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းကြောင်းတစ်လျှောက် ကောင်းမွန်သည့်ဆက်ဆံရေးများရှိခဲ့မှုနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း အပြန်အလှန်ကူးလူးဆက်ဆံမှုများရှိမှုအခြေအနေများ၊ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အိန္ဒိယနိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ကျေးဇူးတင်ရှိမှု အခြေအနေများနှင့် အခြားနှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ ပြုလုပ်မည့်နေရာသို့ရောက်ရှိရာ ပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအား မဟာရာရှ်ထရာပြည်နယ် အုပ်ချုပ်ရေးမှူးက ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတက ကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မဟာရာရှ်ထရာပြည်နယ်အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မဟာရာရှ်ထရာပြည်နယ်ဂုဏ်ပြုတီးဝိုင်းအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတသည် Maharashtra Lok Bhavan Mumbai (Governor's House) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မဟာရာရှ်ထရာပြည်နယ် ဂုဏ်ပြုတီးဝိုင်းအဖွဲ့၏ဖျော်ဖြေတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး နိုင်ငံတော်သမ္မတနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတို့က ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး အမျိုးသားလွှတ်တော်အမြဲတမ်းကော်မတီများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ အမျိုးသားလွှတ်တော် အမြဲတမ်းကော်မတီများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်(၃)ရပ်တွင် မိမိတို့လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်သာမက အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို ဥပဒေအရ အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ခွင့် အပ်နှင်းခံရသည့်အဖွဲ့အစည်း ဖြစ်ပါကြောင်း၊ လွှတ်တော်ကော်မတီများသည် ယင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သည့်နေရာတွင် အရေးကြီးသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီများသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ပြီး ဖိတ်ကြားကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်း၊ လိုအပ်သည့် အထောက်အထားတင်ပြစေခြင်း စသည့်ဆောင်ရွက်ခွင့်ရှိသော အရေးကြီးသည့် လွှတ်တော်ကော်မတီများဖြစ်ပြီး လွှတ်တော်၏ အဓိကကျသည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီ (၄)ရပ်အနေဖြင့် မတူညီသော လုပ်ငန်းတာဝန်များရှိပြီး (၁) ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်း၊ (၂) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာကိစ္စရပ်များ စိစစ်ခြင်း၊ (၃)လွှတ်တော်အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၊ (၄) ပြည်ထောင်စုအစိုးရ၏ အာမခံချက်၊ ကတိကဝတ်များ စိစစ်ခြင်းဆိုင်ရာများ စသည့်လွှတ်တော်၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အဓိကအကျဆုံး အရေးကြီးသည့် ကော်မတီများ ဖြစ်ပါကြောင်း။

လွှတ်တော် အမြဲတမ်းကော်မတီများဖြစ်ကြသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီများသည် အစိုးရနှင့် အပြန်အလှန် ထိန်းကျောင်းပြီး ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းသည် နိုင်ငံတော်ယန္တရား အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးနှင့် ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်ရေးအတွက် အရေးကြီးသော ကဏ္ဍဖြစ်ပါကြောင်း။

အမြဲတမ်းကော်မတီများသည် ဥပဒေပြုရေး၊ ဘဏ္ဍာငွေကြီးကြပ်ရေး၊ ကိုယ်စားလှယ်ကျင့်ဝတ်နှင့်အညီ ပြုမူနေထိုင်ရေးတို့အတွက် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိပါကြောင်း၊ ကော်မတီတစ်ခုစီ၏ ဆောင်ရွက်ချက်များ၊ ပြည်သူများ၏ လိုလားတောင့်တချက်များကို လွှတ်တော်က ဖော်ဆောင်မှုနှင့်အတူ ပြည်သူအတွက် ဆောင်ရွက်ချက်များအဖြစ် ထင်ဟပ်စေပြီး အစိုးရ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကိုလည်း ပေါ်လွင်ထင်ရှား စေပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ကော်မတီများ၏ လုပ်ငန်းများကို အစဉ်တိုက်တွန်းအားပေးပြီး အကြံပြုချက်များကို အလေးထား ဆောင်ရွက်ရန်၊ ကော်မတီများအနေဖြင့် မိမိတို့၏လုပ်ပိုင်ခွင့် အသုံးပြုပြီး ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

လွှတ်တော် လုပ်ငန်းစဉ်တွင် ကော်မတီများအနေဖြင့် မိမိတို့လွှတ်တော်တစ်ရပ်တည်း မဟုတ်ဘဲ တစ်ဖက်လွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရသည့် အပိုင်းများလည်း ရှိလာနိုင်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သည် မိမိတို့၏စုပေါင်းတိုင်ပင် ဆုံးဖြတ်ချက်များနှင့် တာဝန်ယူမှုအပေါ် တည်ရှိသည့်အတွက် ကော်မတီများ၏ အောင်မြင်မှုသည် လွှတ်တော်တစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် ပြည်သူများ၏ ယုံကြည်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တာဝန်ကျေဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ ပြည်သူ ကောင်းကျိုးအတွက် စေတနာထား ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။



ထို့နောက် လွှတ်တော်အခွင့်အရေးကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က သက်ဆိုင်ရာ ကော်မတီအလိုက် ဖွဲ့စည်းထားရှိမှု၊ ကော်မတီလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်သွားမည့်အခြေအနေများကို တင်ပြကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Shri Narendra Modi က ဇွန် ၁ ရက်တွင် ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ H.E. Smt. Droupadi Murmu က ဇွန် ၁ ရက်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နှစ်နိုင်ငံချစ်ကြည်ရေးမှသည် အနာဂတ်အကျိုးတူဖွံ့ဖြိုးရေးဆီသို့

သက်လွင်(PPIB)

*(ယမန်နေ့မှအဆက်)*

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ နိုင်ငံရေးအားကောင်းဖို့၊ စီးပွားရေးအားကောင်းဖို့နဲ့ ကာကွယ်ရေးအားများကောင်းမွန်ဖို့ လိုအပ်ပါတယ်။ ဒီလိုနိုင်ငံအတွက် အဓိကမောင်းနှင်အားတွေ ကောင်းနေဖို့အတွက်ဆိုရင် မိမိတို့နိုင်ငံတစ်ခုတည်းနဲ့ တည်ဆောက်နေလို့မရပါဘူး။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေ၊ မိတ်ဆွေနိုင်ငံတွေနဲ့ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွေကို တည်ဆောက်သွားနိုင်ဖို့ လိုအပ်ပါတယ်။ မိမိတို့နိုင်ငံမှာ ယခုအချိန်မှာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရနဲ့လွှတ်တော်ဟာ နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာနဲ့ ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိနေတာကိုလည်း တွေ့မြင်နေရမှာပဲ ဖြစ်ပါတယ်။

အစိုးရသစ်အနေနဲ့ တာဝန်ထမ်းဆောင်ချိန်ကနေစပြီးတော့ အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံအတွက် လိုအပ်တဲ့ အဓိကမောင်းနှင်အားတွေ အားကောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိနေတာကိုလည်း ကျွန်တော်တို့ မျက်ဝါးထင်ထင် တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

ယခုအခါမှာလည်း မိမိတို့မြန်မာနိုင်ငံရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဟာဆိုရင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီရဲ့ ဖိတ်ကြားမှုနဲ့ အိန္ဒိယနိုင်ငံကို ရောက်ရှိနေတာဟာ သုံးရက်တိုင်တိုင်ရှိခဲ့ပြီပဲ ဖြစ်ပါတယ်။

အိန္ဒိယနဲ့မြန်မာနိုင်ငံဟာဆိုရင် ခေတ်အဆက်ဆက် ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့ အစွန့်ရှည်ခဲ့တဲ့ နိုင်ငံနှစ်နိုင်ငံဖြစ်ပြီးတော့ နှစ်နိုင်ငံကြား ဘာသာရေး၊ယဉ်ကျေးမှု၊ ကုန်သွယ်မှုစတဲ့ ကဏ္ဍစုံမှာ ပတ်သက်ဆက်နွှယ်မှုများစွာရှိခဲ့ပါတယ်။ ထို့မျှသာမက ဗြိတိသျှတို့လက်အောက် ကျရောက်ခဲ့ဖူးတဲ့ ခံစားချက်သဘာဝလည်း အတူတူရှိခဲ့ပါတယ်။ တိုင်းတစ်ပါးလက်အောက်ကျရောက်ခဲ့ဖူး၍ မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှုဟူသည့် စိတ်သဘာဝသည်လည်း တူညီစွာရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံသူ နိုင်ငံသား ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ဗုဒ္ဓသာသနာသည်လည်း အိန္ဒိယနိုင်ငံမှ ဆင်းသက်လာခြင်းကြောင့် ဘာသာ၊ သာသနာအပေါ် မြတ်နိုးတန်ဖိုးထား ကိုးကွယ်ခြင်းများလည်း တူညီကြပါတယ်။ ဒါကြောင့် အိန္ဒိယနဲ့ မြန်မာနိုင်ငံသည် အဖိုးအနဂ္ဃထိုက်သော စိတ်နှလုံးသား အမြုတေများ အများဆုံးတူညီကြသော ထူးခြားသည့်နိုင်ငံနှစ်နိုင်ငံဟုသာ ဆိုရပါမယ်။

နှစ်နိုင်ငံတရားဝင်သံတမန်ဆက်သွယ်မှု သမိုင်းအရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ နှစ်နိုင်ငံကြား တရားဝင်သံတမန်ဆက်သွယ်ရေးကို စတင်ထူထောင်ခဲ့ကြပါတယ်။ မြန်မာ့လွတ်လပ်ရေးခရီးအစတွင် တရားဝင်သံတမန်ဆက်သွယ်ရေးကို ထူထောင်ခဲ့သည်ဆိုသော်လည်း ၁၉၃၆ ခုနှစ်ဟူသည့် လွတ်လပ်ရေး မရရှိခင်ကတည်းကပင် နှစ်နိုင်ငံကြား ကူးလူးဆက်ဆံမှုများရှိနေခဲ့သည်ကိုလည်း သမိုင်းကြောင်းများအရ တွေ့မြင်ရပါတယ်။ အိန္ဒိယရှိ ထင်ရှားသောစာဆိုတော် ရာဘင်ဒြာနတ်တဂိုး၊ မဟတ္တမဂန္ဒီ၊ အင်ဒီရာဂန္ဒီမှစ၍ ယနေ့အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီထိတိုင် မြန်မာနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ လာရောက်ခဲ့ဖူးပါတယ်။ မြန်မာနိုင်ငံ၏ အကြီးအကဲများဖြစ်ကြသော ဗိုလ်ချုပ်ကြီး နေဝင်း၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ သမ္မတကြီး ဦးသိန်းစိန်၊ သမ္မတကြီး ဦးထင်ကျော် စသော နိုင်ငံ့အကြီးအကဲများ အဆက်ဆက်သည်လည်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြတာကို တွေ့မြင်နိုင်ပြီးတော့ ယင်းတို့သည် မြန်မာနှင့်အိန္ဒိယနိုင်ငံတို့၏ ချစ်ကြည်ရေးအစွန့်ရှည်မှုကို ညွှန်းဆိုပြသနေသလိုပဲဖြစ်ပါတယ်။

ယခု ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရဲ့ ခရီးစဉ်အကြောင်းကို ဆက်ရပါဦးမယ်။ ကျွန်တော်တို့ရဲ့ သမ္မတကြီးဟာဆိုရင် ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းက အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံး (Hyderabad House)၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာမိုဒီနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ မိမိတို့ နိုင်ငံတော်သမ္မတကြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်ရုံးသို့ ရောက်ရှိချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီး ခရီးဦးကြိုဆိုနှုတ်ဆက်ခဲ့ပါတယ်။

အဲ့နောက်မှာတော့ မိမိတို့နိုင်ငံတော်သမ္မတကြီးနဲ့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်တို့ဟာ အချိန်အတော်ယူကာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ တွေ့ဆုံဆွေးနွေးချိန်မှာ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးဟာဆိုရင် တည်ကြည်လေးနက်စွာနဲ့ နှစ်နိုင်ငံနဲ့ နှစ်နိုင်ငံပြည်သူများရဲ့အကျိုးကိုရှေးရှုပြီးတော့ ဆွေးနွေးခဲ့ကြတာကို မိမိကိုယ်တိုင် မျက်စိနဲ့မြင် နားဖြင့်ကြားသိခွင့်ရလို့လည်း လွန်စွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တွေ့ဆုံ ဆွေးနွေးချက်များအရ အိန္ဒိယနိုင်ငံရဲ့ မြန်မာနိုင်ငံနှင့် လက်ရှိမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အပေါ် ရင်းနှီးချစ်ကြည်လေးနက်ခိုင်မာစွာ ထားရှိသည့် သဘောထား ဆန္ဒနဲ့ နှစ်နိုင်ငံကြား ဆက်လက်ထားရှိရမည့် အနာဂတ်၏ သဘောထားဆန္ဒကိုပါ ထင်ရှားစွာ တွေ့မြင်ရပါတယ်။ နှစ်နိုင်ငံကြား ကဏ္ဍတစ်ခုတည်းမဟုတ်၊ သမိုင်းစဉ်နှင့်ချီသည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ မြေပထဝီ၊ နိုင်ငံရေးပထဝီနှင့် လူမှုပထဝီ စသည့်အကြောင်းနောက်ခံမှုများစွာနှင့် ပတ်သက်ဆက်နွှယ်နေတာကိုလည်း သိမြင်ရပါတယ်။

အဲဒီလိုတွေ့ဆုံချိန်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာနဲ့ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံမှာ မကြာမီကာလက ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်ကို သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့မှုအပေါ်မှာ များစွာဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ချိန်မှာ အိန္ဒိယနိုင်ငံကို ပထမဆုံးပြည်ပခရီးစဉ်အဖြစ် လာရောက်ခဲ့မှုအပေါ်လည်း များစွာဂုဏ်ယူပါကြောင်း၊ ယခုခရီးစဉ်မှတစ်ဆင့် နှစ်နိုင်ငံအကြား အစိုးရအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ကောင်းမွန်တိုးတက်လာပြီး ထိုမှတစ်ဆင့် နှစ်နိုင်ငံအတွက် ကောင်းကျိုးရလဒ်တွေရရှိအောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ခရီးဦးကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့ပါတယ်။

နိုင်ငံတော်သမ္မတကြီးက ပြန်လည်ဆွေးနွေးပြောကြားရာမှာ ယခုလို အဆွေတော်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိနိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် အဆွေတော်၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံသို့ ပထမဆုံးပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ရသည့်အတွက် လွန်စွာအလေးထားပါကြောင်းနှင့် မိမိဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးပျူငှာစွာ ကြိုဆိုသည့်အတွက်လည်း ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိအနေဖြင့် အဆွေတော်နှင့်အတူ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ရှိရင်းစွဲကောင်းမွန်သော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အဆွေတော်ကို ကျေးဇူးတင်အသိအမှတ်ပြုအပ်သည်ကို

*စာမျက်နှာ ၇ သို့*

> **"နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ် ငွေပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့၊ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားခဲ့၊ ထို့အပြင် ၂၀၂၆ ခုနှစ်မှစတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့၊ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရ ချိတ်ဆက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့် ဘုံသဘောတူညီချက် ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့"**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ရန်ကုန်-ပြည်ရထားလမ်းပိုင်း၌ မိုင်နှုန်းမြှင့်တင်ပြေးဆွဲနိုင်ရေးနှင့် ပြည်-အောင်လံ-ဆတ်သွား-ပုဂံလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၂**
ပို့ဆောင်ရေးဝန်ကြီးဌာန ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများသည် ဇွန် ၁ ရက်တွင် RBE ရထားဖြင့် ရန်ကုန်-ပြည် ရထားလမ်းပိုင်းတစ်လျှောက် မိုင်နှုန်းမြှင့်ပြေးဆွဲနိုင်ရေး ရထားလမ်း ကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လက်ပံတန်းဘူတာသို့ရောက်ရှိပြီး မြန်မာ့မီးရထား ပထမဆုံး စတင်ပြေးဆွဲစဉ်ကတည်းက တည်ဆောက်ခဲ့သော ၁၄၉ နှစ်ကျော် သက်တမ်းရှိသည့် ရှေးဟောင်းဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရန်နှင့် တန်ဖိုးထားထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး မြန်မာ့မီးရထားဆေးပေးခန်းနှင့် လက်ပံတန်းစက်ခေါင်းရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တောင်တွင်းကြီးမြို့နယ် ပြည်-အောင်လံ-ဆတ်သွား- ပုဂံရထားလမ်းပိုင်း၊ ပရပ်ကြယ်နှင့် ဆတ်သွားဘူတာအကြား အရှည်ပေ ၄၀၀ရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းတံတား ပြန်လည်ပြုပြင် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိပြီး အဆိုပါတံတားသည် ရန်ကုန်-ပြည်-ပုဂံလမ်းပိုင်း၌ အဓိကအရေးပါသည့် တံတားဖြစ်၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ဘိုးပိုင်တူးခြင်း လုပ်ငန်းနှင့် တံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်(ခရိုင်ရုံး) ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများကို ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒီဇယ်စက်ခေါင်းရုံ(ပြည်)၊ ပြည်ဘူတာနှင့် ဘူတာပန်းခြံသို့ရောက်ရှိပြီး ပန်းခြံနှင့် ဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ရန်၊ ပန်းခြံအတွင်း အလှပြ ရေနွေးငွေ့စက်ခေါင်းများထားရှိပြီး ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်နှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေး ဆောင်ရွက်ရန် မှာကြား၍ ပြည်ဘူတာမှ RBE ရထားဖြင့်ထွက်ခွာကာ ပြည်-ရန်ကုန် လမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများ၊ တံတားများ၊ ရထားလမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သာယာဝတီဘူတာသို့ရောက်ရှိပြီး သာယာဝတီဘူတာသည် ၁၄၉ နှစ်ကျော် သက်တမ်းရှိသည့် ရှေးဟောင်းအမွေအနှစ် ဘူတာတစ်ခုဖြစ်၍ ရှေးမူမပျက် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ သနပ်ချောင်းဘူတာသို့ရောက်ရှိကာ ရထားလမ်းများ အဆင့်မြှင့်တင်နိုင်ရေး၊ အရှည် ၃၉ ပေရှိသော သံလမ်းများအား Flash Butt Welding Machine ဖြင့် ကိုးချောင်းဆက်ခြင်းလုပ်ငန်းနှင့် ဂဟေဆက်ပြီး သံလမ်းများကို Ultrasonic Rail Flaw Detector ဖြင့် သံလမ်းဆက်အရှည်အသွေးအား စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ပြောကြားလိုပါကြောင်း၊ မိမိသမ္မတ တာဝန်စတင်ထမ်းဆောင်မှု ကျမ်းသစ္စာကျိန်ဆိုပွဲကို အဆွေတော်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့မှုနှင့် အခမ်းအနားတက်ရောက်ရန် ကိုယ်စားလှယ်စေလွှတ်ပေးခဲ့မှုအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များစွာ ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ချိန်တွင် အဆွေတော်တို့နိုင်ငံမှ ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ “အိန္ဒိယနိုင်ငံသည် ကမ္ဘာကြီးဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုဖြစ်လာမည်” ဟု အဆွေတော်ပြောကြားခဲ့သကဲ့သို့ မိမိတို့အနေဖြင့် တိုးတက်လာလျက်ရှိသည့် အိန္ဒိယနိုင်ငံနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားလိုပါကြောင်း ပြန်လည်ပြီး ဆွေးနွေးပြောကြားခဲ့ပါတယ်။

အိန္ဒိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့၏ တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ နယ်စပ်ဒေသစီမံခန့်ခွဲမှု၊ ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာအားကောင်းစေရေးနှင့် နားလည်မှုစာချွန်လွှာများ အမြန်ဆုံးလက်မှတ်ရေးထိုးနိုင်ရေးတို့ ဆွေးနွေးခဲ့ကြပါတယ်။ ထို့ပြင် နှစ်နိုင်ငံစီးပွားရေးချိတ်ဆက်မှုနှင့် စည်ပင်ထွန်းကားစေရေးအတွက် ကုလားတန်စီမံကိန်းနှင့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံအဝေးပြေးလမ်းမကြီး အပြီးသတ်နိုင်ရေး၊ ရူပီး-ကျပ် ငွေပေးချေမှုစနစ် တိုးချဲ့အသုံးပြုရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပိုမိုမြှင့်တင်ရေးတို့ကို သဘောတူညီခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို ဆက်လက်ထောက်ခံကြောင်း အတည်ပြုခဲ့ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများကိုလည်း အားပေးထောက်ခံကြောင်း ပြောကြားပါတယ်။ ဒါ့အပြင် ၂၀၂၆ ခုနှစ်မှ စတင်၍ မြန်မာကျောင်းသားများအတွက် မဲခေါင်-ဂင်္ဂါ ICCR ပညာသင်ဆုများကို ၃၆ ခုမှ ၁၀၀ အထိ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။ ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ရှိရင်းစွဲနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် စီးပွားရေးအရ ချိတ်ဆက်မှုတို့ကို ပိုမိုခိုင်မာစေခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေသည့် ဘုံသဘောတူညီချက် ကတိကဝတ်များကို အတည်ပြုအားကောင်းစေခဲ့ပါတယ်။

တွေ့ဆုံပွဲ ပြီးဆုံးပြီးတဲ့အချိန်မှာတော့ နိုင်ငံတော်သမ္မတကြီးဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာနဲ့ တည်ခင်းဧည့်ခံခဲ့ပြီး ပြန်လည်ထွက်ခွာချိန်မှာ နိုင်ငံတော်သမ္မတကြီး စီးနင်းတဲ့ မော်တော်ယာဉ်အနီးအထိ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က လိုက်ပါပို့ဆောင်မှုကို ထောက်ရှုခြင်းအားဖြင့် အိန္ဒိယနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနဲ့ သံတမန်ဆက်ဆံရေးခိုင်မာမှု၊ အလေးအနက်ထားမှုတို့ကို ပေါ်လွင်စေခဲ့ပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတကြီးဟာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ဒရက်ပတီမာမူနဲ့ သမ္မတအိမ်တော်မှာတွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေနဲ့ လက်ရှိရွေးကောက်ခံအစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပေါ် အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံအားပေးလျက်ရှိမှုတွေ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့ စီမံကိန်းတွေ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်များ အပြန်အလှန်ထိန်းသိမ်းရေး၊ ခရီးသွားကဏ္ဍမြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမယ့် အခြေအနေတွေ၊ နှစ်နိုင်ငံအကြားမိတ်ဆွေရင်း၊ မိတ်ဆွေကောင်း နိုင်ငံများဖြစ်မှုနဲ့ အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးအတွက် အတွေ့အကြုံများ မျှဝေနိုင်သည့်အခြေအနေတွေ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတွေကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမယ့် အခြေအနေတွေကို ရင်းရင်းနှီးနှီးနဲ့ အပြန်အလှန် ဆွေးနွေးနိုင်ခဲ့ပါတယ်။

မိမိတို့ နိုင်ငံတော်သမ္မတကြီးအနေနဲ့ အခုလို အိန္ဒိယနိုင်ငံကို တရားဝင်ခရီးအဖြစ်ရောက်ရှိပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ သမ္မတတို့နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံအကျိုးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ခြင်းဟာ အောင်မြင်သည့် သမိုင်းဝင်ခရီးစဉ်တစ်ခုအဖြစ် မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။

မိဘတို့အပြင်သွားလျှင် သားသမီးလေးများအတွက်ဆိုပြီး မြင်မြင်သမျှကို ရည်စူးလေ့ရှိပါတယ်။ အိမ်မှာကျန်ရစ်ခဲ့တဲ့ သားသမီးများကလည်း မိဘများပြန်လာလျှင် မိမိတို့အတွက်ပါလာမည့် အစားအသောက်လေးများကစ၍ လက်ဆောင်ပစ္စည်းထိတိုင် မျှော်လင့်တတ်ကြစမြဲဖြစ်ပါတယ်။ ဒါဟာ မိဘနှင့်သားသမီးကြားမှ ရည်စူးခြင်းနှင့် မျှော်လင့်ခြင်း သဘာဝတို့သာဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများကြားမှာလည်း အဲဒီလို ရည်စူးခြင်း၊ မျှော်လင့်ခြင်းများ တစ်ပွေ့တစ်ပိုက်ရှိနေမည်မှာလည်း မလွဲကေန်ပင် ဖြစ်ပါတယ်။

နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် တပ်မတော်သားဘဝကတည်းကပင် အရိုးကြေကြေ၊ အရေခန်းခန်း ဆောင်ရွက်တတ်တဲ့ မိမိတို့ သမ္မတကြီးအနေနဲ့ ယခုခရီးစဉ်မှာလည်း ပြည်သူလူထုတို့အတွက် ကောင်းမြတ်တဲ့ အကျိုးရလဒ်များစွာကို ဖော်ဆောင်ပေးနိုင်ခဲ့မှာဖြစ်ပြီးတော့ အိမ်ပြန်လက်ဆောင်မွန်ကောင်းကို ဆောင်ကြဉ်းပေးခဲ့မည်မှာ မလွဲကေန်ဖြစ်ကြောင်းကို အကြွင်းမဲ့ ယုံကြည်ပါကြောင်း အိန္ဒိယမြေမှ စာလွှာပါးလိုက်ရပါတော့တယ်။ ။

*(ဆက်လက်ဖော်ပြပါမည်)*

## ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုပြိုင်ပွဲများကျင်းပ

**တောင်ငူ ဇွန် ၂**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် စာစီစာကုံးပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရာ တောင်ငူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် “ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ၁၆ ဦး၊ ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ၃၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။



**ဇော်ကိုကို (တောင်ငူ)**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီရှေ့မှောက်၌တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄)ဦးက ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၅၀ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၇၂ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံ၊ လိုလားချက်၊ လိုအပ်ချက်များကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းများအပေါ် မြင်ကြားသိရသည့်အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း။

လွှတ်တော်၏ အဓိကတာဝန်တစ်ရပ်မှာ ဥပဒေပြုရေးဖြစ်သည့်အတွက် တည်ဆဲဥပဒေများသည် မျက်မှောက်ခေတ်အခြေအနေ၊ မူဝါဒများနှင့် ကိုက်ညီမှုရှိမရှိ၊ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများ ဖြစ် မဖြစ်တို့ကို လေ့လာဆန်းစစ်၍ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့လွှတ်တော်သက်တမ်းတွင် ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ပြင် လွှတ်တော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့်ဥပဒေများ ဖြစ်ထွန်းစေရေးကိုလည်း အရှိန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော်အနေဖြင့် ဥပဒေများပြဋ္ဌာန်းရုံသာမကဘဲ တည်ဆဲဥပဒေများမှတစ်ဆင့် တစ်ဆင့်ခံဥပဒေထုတ်ပြန်ခွင့်အာဏာအပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် ဆီလျော်ညီညွတ်မှု ရှိမရှိ ဆန်းစစ်နေရမည်ဖြစ်သလို ဥပဒေများအား နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းများနှင့် နိုင်ငံသားအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန် ထိန်းညှိကူညီရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထိုတာဝန်များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ကော်မတီများက ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်လုပ်ငန်းများအား ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ယခုဒုတိယပုံမှန်အစည်းအဝေးတွင် အခြားကော်မတီများကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူများ၏ သဘောဆန္ဒများကို လွှတ်တော်သို့ သယ်ဆောင်လာပြီး မေးခွန်း၊ အဆိုများနှင့် ဥပဒေကြမ်းများအဖြစ် မေးမြန်း၊ ဆွေးနွေး၊ ညှိနှိုင်းဆုံးဖြတ်ကြရာတွင်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားဖြစ်ထွန်းစေသော ဥပဒေများနှင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်သော ကိစ္စရပ်များဖြစ်စေရန် လိုအပ်ကြောင်း။



မိမိတို့ လွှတ်တော်သက်တမ်းကာလအတွင်း လွှတ်တော်၏အခန်းကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များအား ပြည်သူသို့ နည်းလမ်းစုံဖြင့် ထိတွေ့အသိပေးခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များအတွက် လိုအပ်သည့် သင်တန်းများစီစဉ်ခြင်း၊ နိုင်ငံတကာပါလီမန်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေ၏ အကာအကွယ်အောက်တွင် ပြည်သူများ လုံခြုံအေးချမ်း၊ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူက အားကိုးသည့် ဥပဒေပြုမဏ္ဍိုင်ဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ဒုတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အီဂေါ်ဆာဂေယန်ကို၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ United Russia ပါတီဥက္ကဋ္ဌ မစ္စတာ ဒီမီထရီမက်ဗီဒက်ဗ်၊ ဂျပန်–မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိုမိချိဝါတာနာဘေး၊ ဂျပန်–မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကိုတာကခု၊ ထိုင်းနိုင်ငံ အမျိုးသားလွှတ်တော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ဆိုဖွန်းဇာရမ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏ အကြံပေး မစ္စတာ ကလျာဏ ဝိပတ္တိဘူမိပြထေရ်တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်၊ ဂျပန်–မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိုမိချိဝါတာနာဘေး၊ ဂျပန်–မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေး အသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာ နာအိုဟိကို တာကခုတို့က ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌထံပေးပို့လာသော သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့ပြင် ပြည်သူ့လွှတ်တော်နှင့် ကမ္ဘောဒီးယားနိုင်ငံ လွှတ်တော်အကြား ကောင်းမွန်သော ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံရေးပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာအား လက်ခံရရှိသဖြင့် ကမ္ဘောဒီးယား၊ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းတဲ့ချိုဟွန်ဆင်ထံမှ ကျေးဇူးတင်ရှိကြောင်း သဝဏ်လွှာပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် **တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ပြည်တွင်းအခွန်ဦးစီးဌာန၏ မော်တော်ကား ဝယ်ယူ၊ ရောင်းချခြင်းများအပေါ် အခွန်စည်းကြပ်ရန် စံနှုန်းသတ်မှတ်ထားရှိသည့် ပေါက်ဈေးနှုန်းများထက် ထက်ဝက်ကျော်သော ဈေးနှုန်းထားများဖြင့် ရောင်းဝယ်လုပ်ကိုင်နေခြင်းများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီမံကြပ်မတ်ဆောင်ရွက်သွားရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက အဘယ့်ကြောင့်နှင့် အစီအစဉ်ရှိပါက မည်သည့်ကာလအပိုင်းအခြားတွင် စီမံဆောင်ရွက်သွားမည်တို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များဝယ်ယူခြင်း၊ ရောင်းချခြင်းများအပေါ် အခွန်လွတ်ကင်းမှုမရှိစေရေးအတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် နှစ်စဉ်စံနှုန်းများကြိုတင်ပြုစုသတ်မှတ်ပြီး အခွန်စည်းကြပ်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်စဉ် စံနှုန်းတန်ဖိုးသည်လည်း အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးနှင့် မိမိဆန္ဒအလျောက် အခွန်ပေးဆောင်နိုင်စေရေးတို့အတွက် မော်တော်ယာဉ်အမျိုးအစားအလိုက် တစ်ပြေးညီဖြစ်စေရန် သတ်မှတ်ထားသည့် စံနှုန်းများဖြစ်သဖြင့် မော်တော်ယာဉ်ဈေးနှုန်းအတက်အကျ အခြေအနေများအရ ပြင်ပပေါက်ဈေးနှင့် စံနှုန်းကွာဟမှု ရှိနိုင်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် IDS(IRD Documentation System) စနစ်ကို မြေပြင်တွင် အများဆုံး အရောင်းအဝယ်ဖြစ်နေသည့် မော်တော်ယာဉ်များ၏ ထုတ်လုပ်သည့်ခုနှစ်အလိုက် စံနှုန်းတန်ဖိုးများကို အတည်ပြုသတ်မှတ် ထည့်သွင်းဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ စံနှုန်းများသတ်မှတ်ရာတွင် မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်းနှင့် မော်တော်ယာဉ်အရောင်းပြခန်းများမှ သတင်းအချက်အလက်များရယူကာ (၆)လ တစ်ကြိမ် ပြန်လည်သုံးသပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်နှင့် ပိုမို၍ပွင့်လင်းမြင်သာသည့် စနစ်တစ်ခုဖြစ်စေရန် မော်တော်ယာဉ်တန်ဖိုးအလိုအလျောက်စိစစ်အခွန်တွက်ချက်ပေးဆောင်သည့်စနစ်(Vehicle Auto- matic Valuation System- VAVS) ကို Online မှတစ်ဆင့် အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

**လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ)စိုင်းဆေဟန်၏** ပြည်တွင်းစက်သုံးဆီအရောင်းဆိုင်များတွင် လက်ကျန်ဆီများရှိနေပါလျက်နှင့် အကြောင်းပြချက်အမျိုးမျိုးဖြင့် ဈေးနှုန်းချက်ချင်းမြှင့်တင်ပြီး အမြတ်ကြီးစားနေသော ဆီဆိုင်များအား မည်သို့သော ထိရောက်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိမြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ တင်ပို့မှုကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေရန်အတွက် အစိုးရတွင် မည်သို့သောအစီအစဉ်နှင့်အစားထိုးဝယ်ယူမည့်လမ်းကြောင်းများ ပြင်ဆင်ထားသည်ကို သိရှိလိုခြင်း၊ စက်သုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကော်မတီအနေဖြင့် ဆီဆိုင်များအား ကွင်းဆင်းစစ်ဆေးပြီး အမှန်တကယ်ပြတ်လပ်မှု ရှိ၊ မရှိ၊ မတန်တဆဈေးနှုန်းများအား ထိန်းညှိပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှ ပြည်သူလူထုကို ကာကွယ်ပေးရန်အတွက် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေးနှင့် ဖူလုံမှုရှိစေရန် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိသောကြောင့် စက်သုံးဆီပြတ်လပ်မှုမရှိနိုင်ပါကြောင်း၊ ပြည်သူများမှ စက်သုံးဆီဝယ်ယူသုံးစွဲရာတွင် အရောင်းဆိုင်များမှ ဈေးတင်ရောင်းချခြင်းများမရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် မြို့နယ်များအလိုက် ရည်ညွှန်းလက်လီဈေးနှုန်းများကို စိစစ်တွက်ချက်ပြီး အများပြည်သူသိစေရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း။

စက်သုံးဆီအရောင်းဆိုင်များ၏ သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချနိုင်ရေး ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး တိုင်ကြားလာမှုများအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းရှိမြို့များတွင် အိမ်နီးချင်းနိုင်ငံများမှ စက်သုံးဆီတင်ပို့မှု ကန့်သတ်လာပါက ဈေးနှုန်းတည်ငြိမ်စေရန်အတွက် ပင်လယ်ရေကြောင်းမှတင်သွင်းသည့် စက်သုံးဆီကုမ္ပဏီများမှတစ်ဆင့် စက်သုံးဆီများပြန်လည်ရရှိနိုင်ရေးနှင့် ရန်ကုန် – နေပြည်တော် – တောင်ကြီး – ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးအတိုင်း သယ်ဆောင်ဖြန့်ဖြူးသွားနိုင်ရေးအစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အမှန်တကယ် ဆီပြတ်လပ်မှု ရှိ/မရှိ ပုံမှန်/ ရှောင်တခင် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး မတန်တဆဈေးနှုန်းများဖြင့် ရောင်းချမှုမရှိစေရေးနှင့် စီးပွားရေးသမားများ၏ ခေါင်းပုံဖြတ်မှုမှကာကွယ်ပေးနိုင်ရေး သတင်းစုံစမ်းဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ ရှမ်းပြည်နယ်နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့အတွင်းရှိ နယ်မြေခံတပ်သို့ ပို့လွှတ်ထားသော ဓာတ်အားလိုင်းမှ အန္တရာယ်ရှိနေသော သစ်လုံးတိုင်များအား ခိုင်ခံ့သည့် ကွန်ကရစ်တိုင်များဖြင့် အမြန်ဆုံးအစားထိုးလဲလှယ်ပေးရန်နှင့် အဆိုပါဓာတ်အားလိုင်းအား မြို့ပတ်လမ်း (သို့မဟုတ်) မြို့ရှောင်လမ်းဘက်မှ လိုင်းလမ်းကြောင်း ပြောင်းလဲသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့ နယ်မြေခံတပ် ရေစက်၏ ၁၁/၀.၄ ကေဗွီ၊ ၅၀ ကေဗွီအေ ထရန်စဖော်မာသို့ ဓာတ်အားပေးရန်အတွက် ကျိုင်းတောင်းဓာတ်အားပေးစက်ရုံရှိ ၃၃/၁၁ ကေဗွီ၊

*စာမျက်နှာ ၉ သို့*

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးရှေ့မှောက်၌ ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးက ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၇၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၇၈ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခု ဒုတိယပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုတင်သွင်းဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ စိစစ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတော်၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထု၏ အကျိုးဖြစ်ထွန်းစေမှုကို ဦးတည်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လွှတ်တော်အစည်းအဝေးများတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကန့်သတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ပေါ်ပေါက်ဖွဲ့စည်းခဲ့သည့် နိုင်ငံတော်အစိုးရအဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြသည်ကို ကိုယ်စားလှယ်များအနေဖြင့် တွေ့မြင်သိရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့်ပေါင်းစပ်ပြီး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသည် ထိရောက်မြန်ဆန်လာမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်အတွက် အခြားသောရေးရာကိစ္စရပ်များလေ့လာရန် လိုအပ်သည့်ရေးရာကော်မတီများကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရေးရာကော်မတီများသည် မိမိတို့၏ရေးရာကိစ္စရပ်များအလိုက် ကော်မတီလုပ်ငန်းများကို သတ်မှတ်ပေးထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီများအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ အခြားသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်ပြဋ္ဌာန်းထားသည့်ဥပဒေ၊ နည်းဥပဒေများအတိုင်း တိတိကျကျလိုက်နာပြီး ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း အရေးကြီးသည့် ဥပဒေကြမ်းတစ်ခုကို အတည်ပြုနိုင်ရေး တင်သွင်းဆွေးနွေးသွားရန်ရှိကြောင်း၊ ယင်းဥပဒေကြမ်းသည် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းဖြစ်ကြောင်း၊ ယင်းဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်ထောင်စုအစိုးရကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးအတည်ပြုရမည်ဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ကြုံတွေ့နေရသည့် အွန်လိုင်းလိမ်လည်မှုများကို မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက်တိုက်ဖျက်နိုင်ရေးအတွက် ယင်းဥပဒေကြမ်းကို ကိုယ်စားလှယ်များက အလေးအနက်ထား ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကိစ္စရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်စေရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထု၏ အသံ၊ ဆန္ဒများနှင့် ထင်ဟပ်ပြီး ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းရပ်များကို ဆောက်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက်အာခါ မိုဟာ ဆီနာပါတိုင်းတဲ့ချို ဟွန်ဆင်၊ ထိုင်းနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မွန်ကွန်းစူရစစ်ဂျာ၊ ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် မစ္စတာ ဟိုရိုမိချိ ဝါတာနာဘေး၊ ဂျပန်-မြန်မာ ယဉ်ကျေးမှု

*စာမျက်နှာ ၁၀ သို့*

---

*စာမျက်နှာ ၈ မှ*

၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ၁၁ ကေဗွီ ကျိုင်းတောင်းမြို့တွင်း ဖီဒါဓာတ်အားလိုင်းမှ ခိုလမ်မြို့အထွက်တွင် ဓာတ်အားလိုင်းခွဲထွက်၍ တည်ဆောက်ထားသည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းအပိုင်းတွင် ကွန်ကရစ်တိုင် ၇ တိုင်နှင့် သစ်သားတိုင် ၂ တိုင်ဖြင့် သွယ်တန်းတည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ သစ်သားတိုင် ၂ တိုင်အား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ် ဆောင်ရွက်ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် လျှပ်စစ်ဓာတ်အားများအား မည်သည့်အချိန်၌ရရှိမည်၊ မည်သို့မည်ပုံ ခွဲဝေဖြန့်ဖြူးနိုင်မည့်အစီအစဉ် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က သီပေါမြို့အား တပ်မတော်မှပြန်လည်သိမ်းပိုက်ရရှိပြီးနောက် ဝန်ကြီးဌာနမှ အင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် ၆၆ ကေဗွီ သီပေါဓာတ်အားခွဲရုံအားပြုပြင်ခဲ့ရာ ပြီးစီးခဲ့ပြီး ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းကို စစ်ဆေးပြုပြင်ထားပြီးဖြစ်ပါကြောင်း။

သီပေါမြို့အား ယာယီဓာတ်အားပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပိုင်ဆိုင်သော ၆၆၅ ကီလိုဝပ်နှင့် ၁၆၅ ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက် ၂ လုံးဖြင့် မြို့ပေါ် ဌာနဆိုင်ရာရုံး ၄၀ တို့အား တစ်နေ့လျှင် ၆ နာရီ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး ဓာတ်အားပေးစက်အတွက်လိုအပ်သော စက်သုံးဆီအား ဝန်ကြီးဌာနမှ ပံ့ပိုးပေးလျက်ရှိပါကြောင်း။

သီပေါမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် မြို့တွင်းဓာတ်အားဖြန့်ဖြူးပေးမည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများကို ပြန်လည်ပြုပြင်ထားပြီးဖြစ်ပါသဖြင့် သီပေါမြို့အား ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အားပြန်လည်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ပါရန်အတွက် ဝန်ကြီးဌာနမှ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီထံသို့ တင်ပြထားရှိပြီး ညှိနှိုင်းမှုများဆောင်ရွက်ပြီးစီးပါက သီပေါဓာတ်အားခွဲရုံမှတစ်ဆင့် သီပေါမြို့ပေါ် ရပ်ကွက် ၁၁ ခုအား ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**မာန်အောင်မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ မာန်အောင်မြို့ လျှပ်စစ်မီးရရှိရေးအတွက် ခအုန်းမော်ကျေးရွာ၌ရှိသော နေရောင်ခြည်စွမ်းအင်သုံးစက်ရုံအား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် လုပ်ဆောင်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ရခိုင်ပြည်နယ် မာန်အောင်မြို့အား ၂၄ နာရီ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး မာန်အောင်မြို့ ခအုန်းမော်ကျေးရွာတွင် PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System ဓာတ်အားပေးစက်ရုံ PCS (PV) Panel ရှိ Capacitor ချွတ်ယွင်းမှု၊ Lead Acid Battery များ၏ လျှပ်စစ်သိုလှောင်နိုင်သည့်စွမ်းရည်ကျဆင်းမှုနှင့် 625 KVA Diesel Generator ချွတ်ယွင်းမှုကြောင့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစတင်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း မရှိတော့ပါသဖြင့် ပြန်လည်ပြုပြင်နိုင်ရန်ညှိနှိုင်းခဲ့ပြီး Posco Daewoo Co., Ltd. မှ ပြည်တွင်းရှိ ကုမ္ပဏီဖြစ်သည့် KST Co., Ltd. အား တာဝန်ပေးအပ်ခဲ့ပါကြောင်း။

ပြုပြင်ခြင်းလုပ်ငန်းများသည် ရခိုင်ပြည်နယ်အတွင်းဖြစ်ပေါ်နေသော နယ်မြေဒေသလုံခြုံရေးအခြေအနေများကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ယာယီရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ သို့ဖြစ်၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့်သာ ၁-၁-၂၀၂၄ ရက်မှ စတင်မောင်းနှင်၍ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးခဲ့ရပြီး လက်ရှိအချိန်တွင် မာန်အောင်မြို့ပေါ်ရပ်ကွက်(၅)ခုနှင့် ကျေးရွာ(၄)ရွာတို့အား အုပ်စု (၄)အုပ်စုခွဲ၍ ညအချိန်တွင် ၁နာရီခွဲနှုန်းဖြင့် အလှည့်ကျ ဓာတ်အားပေးလျက်ရှိပါကြောင်း။

ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ်စက် Hybrid စနစ်ဖြင့် အပြည့်အဝပြန်လည်မောင်းနှင် ဓာတ်အားပေးနိုင်ရန်အတွက် Battery များ အစားထိုးလဲလှယ်ပေးခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါ ဘက်ထရီလဲလှယ်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပြီးစီးပါက PV 500 kW ဆိုလာ၊ ဘက်ထရီနှင့် ဒီဇယ် Hybrid System အားမောင်းနှင်၍ မာန်အောင်မြို့အား ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ နိုင်ငံတော်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့နယ်များအား စက်သုံးဆီခွဲတမ်း ပြန်လည်ပြီးချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိမရှိနှင့် ရှိပါကမည်သည့်အချိန်တွင် စက်သုံးဆီခွဲတမ်း ပြန်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ရှမ်းပြည်(မြောက်ပိုင်း) လက်ရှိနယ်မြေ အခြေအနေအရ စက်သုံးဆီပို့ဆောင်မှု အဆင်ပြေချောမွေ့ခြင်း ရှိ/မရှိနှင့် စက်သုံးဆီများကို မသက်ဆိုင်သည့် အဖွဲ့အစည်းများသို့ မရောက်ရှိစေရေးအတွက် ၁-၂-၂၀၂၆ လားရှိုးမြို့၊ တန့်ယန်းမြို့၊ မိုင်းရယ်မြို့များသို့ 92 Ron ဓာတ်ဆီ လီတာ သုံးသောင်းခြောက်ထောင်ကျော်၊ ပရီမီယံဒီဇယ် သုံးသောင်းခြောက်ထောင်ကျော်ကို တစ်မြို့လျှင် (၂)စီးနှုန်းဖြင့် ဆီသယ်ယာဉ် (၆)စီးအား ကနဦးအစီအစဉ်အဖြစ် ရန်ကုန် သီလဝါမှတောင်ကြီး-ဟိုပုံး-လွိုင်လင်-ကျေးသီး-မိုင်းရယ်-တန့်ယန်း-လားရှိုး လမ်းကြောင်းအတိုင်း သယ်ယူခဲ့ရာ ၉-၂-၂၀၂၆ ရက်နေ့တွင် သက်ဆိုင်ရာမြို့များသို့ ရောက်ရှိခဲ့ပါကြောင်း၊ လမ်းခရီးတွင် အဆင့်ဆင့်ခွင့်ပြုချက်ရယူ သွားလာရသည့်အခြေအနေဖြစ်ပြီး လက်ရှိအခြေအနေတွင် စက်သုံးဆီသယ်ယူမှု အဆင်ပြေချောမွေ့မှုမရှိသေးသည့်အခြေအနေရှိနေသေးကြောင်း သုံးသပ်ရပါသဖြင့် မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ စက်သုံးဆီဝယ်ယူခွင့်(PO) အား ဆက်လက် ယာယီရပ်ဆိုင်းထားပါကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စက်သုံးဆီသယ်ယူမှု လမ်းခရီးအခြေအနေ ချောမွေ့ကောင်းမွန်မှုရှိချိန်တို့တွင် စက်သုံးဆီဝယ်ယူခွင့်(PO)များကို ပြန်လည်ခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတကာဆက်ဆံရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်းနှင့် အတွင်းရေးမှူးအဖြစ် နန်းယွန်းမဲဆန္ဒနယ်မှ ဦးယောအေးလှတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌအဖြစ် ရပ်စောက်မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း၊ အတွင်းရေးမှူးအဖြစ် နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှအပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာသည်။

ယင်းနောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

မြှင့်တင်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဖူမီအို အူဆုအိနှင့် အသင်းညွှန်ကြားရေးမှူး မစ္စတာနာအိုဟိကိုတာကခုတို့က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

**အတည်ပြုကြေညာ**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတကာဆက်ဆံရေးကော်မတီကို ၂၀၂၆ ခုနှစ် ဧပြီ ၂၄ ရက် လွှတ်တော်ရပ်နားထားစဉ်ကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရန်များရှိသည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ အဆိုပါ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉)မှ ဦးအောင်မင်းနိုင် တို့အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် နိုင်ငံတကာဆက်ဆံရေးကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်**

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒုတိယနေ့ကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ပရိယတ္တိစာသင်တိုက်များ၏ ပဓာနနာယကဆရာတော်ကြီးများအား ပိဋကသုံးပုံအဋ္ဌကထာ ကွန်ပျူတာစာစီမှုကြမ်းဆက်ကပ်

**ပဲခူး ဇွန် ၂**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဥေ ယျဓမ္မာဘိဝံသ ဆရာတော်ကြီးနှင့် ပဲခူးမြို့ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး ပိဋကသုံးပုံ အဋ္ဌကထာ ကွန်ပျူတာစာစီမှုကျမ်းစာအုပ်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဆံတော်ရှင်ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ရွှေမော်ဓောစေတီတော်မြတ်ကြီးနှင့် ဘုရားပရိဝုဏ်အတွင်း သန့်ရှင်းသပ်ရပ် ကြည်ညိုဖွယ်ဖြစ်စေရေး၊ ပြည်တွင်းပြည်ပမှ ဘုရားဖူး ရဟန်းရှင်ပြည်သူများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် Grand Hlaing Thar Yar (Premiun) အိမ်ရာ ပန္နက်တင်မင်္ဂလာအခမ်းအနား တက်ရောက်

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် Myanmar Art Construction And Development Co.,Ltd. တို့ ပူးပေါင်းဆောင်ရွက်သည့် Grand Hlaing Thar Yar (Premiun) အိမ်ရာ ပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အဆိုပါ အိမ်ရာဝင်း၌ကျင်းပရာ ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ Grand Hlaing Thar Yar (Premiun) အိမ်ရာမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ သန်လျင်မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဥပါသကာများက မင်္ဂလာပန္နက်နှင့် လက်ရိုက်တော်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်၊ ပရိတ်ပန်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်ကာ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်အပ်သော ပရိတ်တရားတော်များနာယူကြကာ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကာ သတ်မှတ်နေရာများတွင် တစ်ပြိုင်တည်း ပန္နက်တော်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**





# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အေးသာယာစက်မှုဇုန်ရှိ တိရစ္ဆာန်အစာစပ်စက်ရုံ ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဇွန် ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့ နံနက် ၉ နာရီကတောင်ကြီးမြို့နယ်အေးသာယာစက်မှုဇုန်ရှိ ဒေသထွက် ပဲပုပ်နှင့် ပြောင်းတို့ဖြင့် ပြုလုပ်သည့် တိရစ္ဆာန်အစာစပ်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် လိုအပ်သည့် ကုန်ကြမ်းများအား ပြည်ပမှ မဝယ်ယူဘဲ ဒေသအတွင်း ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်သွားရန်၊ စက်ရုံအတွင်းရှိ ပဲပုပ်ပေါင်းစက်အား တန်ချိန်ပိုမိုထုတ်လုပ်နိုင်သည့် အဆင့်ရောက်ရှိအောင် ပြုလုပ်သွားရန် ပြောကြားပြီး စက်ရုံတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒေသထွက်ပဲပုပ်နှင့် မြေပဲဖြင့် ထုတ်လုပ်လျက်ရှိသည့် ရွှေညီကို မြေပဲဆီစက်ရုံနှင့် သိန်းရတနာ ပဲပုပ်ဆီစက်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ဟိုတယ်များနှင့် စစ်ကိုင်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇွန် ၂**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နိုင်ငံပိုင်ဟိုတယ်များ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် မန္တလေး ငလျင်ကြီးကြောင့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေသည့် စစ်ကိုင်းမြို့ စစ်ကိုင်း – မုံရွာ ကားလမ်းမကြီးဘေးတွင် ဖွင့်လှစ်ထားသော ခရီးသွားသတင်းအချက်အလက်ကောင်တာ(Tourist Information Counter)၊ စစ်ကိုင်းမြို့ရှိ ခရီးသွားဆွဲဆောင်ရာနေရာများဖြစ်သည့် စစ်ကိုင်းတောင်၊ ဆွမ်းဦးပုညရှင်ဘုရား၊ ရုပ်စုံကျောင်း၊ ကနောင်မင်းသားကြီး သံချက်ဖိုနှင့် အစေခံခံတပ်၊ မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသော စစ်ကိုင်းမြို့ရှိ Happy Hotel ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် Hotel Sagaing ၌ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (စစ်ကိုင်းဇုန်) မှတာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုရိပ်သာ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အတွင်း စိုက်/မွေး ကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှု

**နေပြည်တော်  ဇွန်  ၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စီမံကိန်းရေးဆွဲရာတွင် အကျိုးပြုမှုများသော လုပ်ငန်း များကို ဦးစားပေးရွေးချယ်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြား၍ မိတ္ထီလာမြို့နယ် မကျီးပင်ပု ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် မတည်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် အစုအဖွဲ့စနစ် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှုအားပေး သည်။ **(အပေါ်ပုံ)**

ယင်းနောက် ကျေးရွာငါးရွာရှိ အိမ်ခြေ ၆၆၂ အိမ်၊ လူဦးရေ ၃၁၀၀ ကျော်နှင့် စိုက်ပျိုးမြေဧက ၁၃၀၀ ကျော်ကို တိုက်ရိုက်အကျိုးပြုပေးနိုင်မည့် မြို့ရှောင် လမ်းမှ ပျော်ကုန်း-အုတ်ဖိုကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုပြီး ညောင်မြင့်ကျေးရွာဓမ္မာရုံ၌ ဒေသခံ တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက် များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာ အုပ်စု ပန်းတင်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ရမည်းသင်းမြို့နယ် အင်ကြင်းကန် (ရွာမ) ကျေးရွာရှိ အသင်းဝင်တောင်သူ ဦးသာမောင်၏ စိုက်ခင်း၌ ကျေးရွာရှိ ရွှေမိုးငွေမိုးစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများ၊ ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားကာ ဒေသခံတောင်သူ များ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သောမြို့၊ ကျေးရွာနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော်  ဇွန်  ၂**

နေပြည်တော် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန် သောမြို့၊ ကျေးရွာနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုများ ပေးအပ်ချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်း တွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ပညာရေးမှူးများ၊ ဆုရ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဂုဏ်ပြုဆုရရှိသည့် သက်ဆိုင်ရာမြို့၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန်သော မြို့၊ ကျေးရွာဆုနှင့်သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean and Green School Award) ရကျောင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ကောင်းမွန် သော မြို့(ပထမဆု)၏ ပြိုင်ပွဲဝင် Video Clip နှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု(Clean and Green School Award) ပထမဆုရရှိခဲ့သည့် အထက်တန်းကျောင်း၏ ပြိုင်ပွဲဝင် Video Clip များကို ပြသခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## ကယားပြည်နယ်ဝန်ကြီးချုပ် အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၊ ကျောင်းများဖွင့်လှစ်နေမှုကြည့်ရှုအားပေး

**လွိုင်ကော်  ဇွန်  ၂**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့် ဖြည့်ဆည်းပေးရန်များကို တင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို ပြန်လည်ရှင်းလင်းပြောကြားကာ MSME လုပ်ငန်းရှင်များ၏ ဒေသထွက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသူကျောင်းသားများ စိတ်အေးချမ်းသာစွာဖြင့် ကျောင်းတက်ရောက်ပညာ သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲရေး ၂၀၂၅ ခုနှစ် လုပ်ငန်းပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန်  ဇွန်  ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်း များ ဖက်ဒရေးရှင်းတို့ ပူးပေါင်း ပြုလုပ်သည့် “ဘေးကင်းလုံခြုံမှု ဆိုင်ရာစီမံခန့်ခွဲရေး ၂၀၂၅ ခုနှစ် လုပ်ငန်းပြန်လည် သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ” ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Rose Garden Hotel တွင် ပြုလုပ်ရာ အသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ မျိုးညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ Head of Delegation Ms.Nadia KHOURY နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီ ကော်မတီမှ Movement Cooperation Specialist ဒေါ်အေးသန္တာထွန်း တို့က နှုတ်ခွန်းဆက်စကားပြော ကြားပြီး ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲရေးတာဝန်ခံ ဦးအောင် နိုင်လွင်က ၂၀၂၅ ခုနှစ်အတွင်း လုပ်ငန်းပြီးမြောက် အောင်မြင် မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ်အတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲ မှုအကောင်းဆုံးဆု၊ ချိတ်ဆက် ညှိနှိုင်းမှု အကောင်းဆုံးဆု၊ အသိ ပညာပေးမှုနှင့် အစီအစဉ်ရေးဆွဲမှု အကောင်းဆုံး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဇွန် ၂ ရက်မှ ၃ ရက်အထိ ပြုလုပ် လျက်ရှိသည့် အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများနှင့် ကြက်ခြေနီ တပ်ဖွဲ့မှူးများ၊ ဘေးကင်းလုံခြုံမှု ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးသူ Focal Person ကြက်ခြေနီ စေတနာ လုပ်အားရှင်များ တက်ရောက်လျက် ရှိကြောင်း သိရသည်။**သတင်းစဉ်**



> သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
> လွန်စွာပူအေး၊ ဥတုဘေး။

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်း

**နေပြည်တော်  ဇွန်  ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ်ဆောင်းပါး

# နီကိုတင်းနှင့် ဆေးရွက်ကြီးစွဲလမ်းမှုကိုတိုက်ဖျက်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့

ဒေါက်တာသီတာဝင်း
ညွှန်ကြားရေးမှူး(မကူးစက်)

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အချက်အလက်များအရ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါများ၊ ဆီးချိုရောဂါနှင့် နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ စသည့် မကူးစက်နိုင်သောရောဂါများကြောင့် နှစ်စဉ်လူ ပေါင်း ၄၁ သန်းခန့် သေဆုံးလျက်ရှိကြောင်း သိရှိရပါသည်။**

> ☆ **ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သူများက ဆေးလိပ်နှင့်ဆေးရွက်ကြီး စည်းမျဉ်းစည်းကမ်းများကို ရှောင်လွှဲဖုံးကွယ်ရန် Synthetic nicotine၊ nicotine salts နှင့် အရသာထည့် E-Cigarette များကို မည်ကဲ့သို့ ထုတ်လုပ်အသုံးပြုနေသည်ကို ပြည်သူလူထုသိရှိ၍ ရှောင်ကြဉ်လာစေရန် အဓိကထားဆောင်ရွက်သွားရမည်**
>
> ☆ **E-Cigarette ကဲ့သို့သော အနံ့အရသာပါ ထုတ်ကုန်များကို တားမြစ်ခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီထုပ်ပိုးခြင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်သော အများပြည်သူသုံးနေရာများ ဖန်တီးခြင်းတို့ကို ပိုမိုလုပ်ဆောင်သွားရမည်**

ထို့ကြောင့် နှစ်စဉ်လူသန်းပေါင်းများစွာကို သေဆုံးစေသော မကူးစက်နိုင်သောရောဂါများကြောင့် အရွယ်မတိုင်မီ သေဆုံးမှုများကို လျှော့ချရန်အတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မကူးစက်နိုင်သော ရောဂါများကိုကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းကို ထိပ်တန်းဦးစားပေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း မကူးစက်နိုင်သောရောဂါများကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၃-၂၀၂၇)ကို ရေးဆွဲချမှတ်၍ အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မကူးစက်နိုင်သော ရောဂါများကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ပဏာမအဆင့်ကာကွယ်ခြင်းမှာ ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် ပြည်သူလူထုအနေဖြင့် မကူးစက်နိုင်သော ရောဂါများဖြစ်စေနိုင်သော အကြောင်းရင်းများသိရှိပြီး ဆောင်ရန်၊ ရှောင်ရန်များ လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။

### နေ့စဉ်နေထိုင် စားသောက်မှုပုံစံများ ပြုပြင်ပြောင်းလဲခြင်းဖြင့် ကာကွယ်တားဆီး

မကူးစက်နိုင်သော ရောဂါများဖြစ်စေနိုင်သော အကြောင်းရင်းများအနက် နေ့စဉ်နေထိုင်စားသောက်မှုပုံစံများ ပြုပြင်ပြောင်းလဲခြင်းဖြင့် ကာကွယ်တားဆီး၍ရသော အဓိကအကြောင်းရင်းလေးခုဖြစ်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များစားသုံးခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းဟူသည့် ကျန်းမာရေးနှင့် မညီညွတ်သော နေထိုင်စားသောက်ခြင်းဆိုင်ရာ အပြုအမူများမှရှောင်ကြဉ်၍ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ နေထိုင်စားသောက်တတ်စေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မိမိတို့ကျန်းမာရေးအတွက် ကောင်းမွန်မှန်ကန်သည့် နေထိုင်စားသောက်မှုဆိုင်ရာများကို ရွေးချယ်နိုင်စေရန်အတွက် ပတ်ဝန်းကျင်ကောင်းများ ပေါ်ပေါက်လာစေရန် ဖန်တီးပေးခြင်းကို ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ယနေ့ကမ္ဘာတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲခြင်းက လူသားများ၏ ကျန်းမာရေးအတွက် အကြီးမားဆုံးအန္တရာယ်တစ်ခုအဖြစ်ရှိနေဆဲဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်အရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ အသုံးပြုသူ ၁ ဒသမ ၃ ဘီလီယံရှိပြီး အဆိုပါသုံးစွဲသူများအနက်မှ နှစ်စဉ် လူဦးရေ ခုနစ်သန်းကျော် သေဆုံးနေကြရကြောင်းနှင့် ၎င်းတို့အနက် ၁ ဒသမ ၆ သန်းခန့်သည် ကိုယ်တိုင်ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲသူမဟုတ်ဘဲ အခြားသူသောက်သုံးသည့် ဆေးလိပ်ငွေ့ (တစ်ဆင့်ခံဆေးလိပ်ငွေ့)နှင့် ထိတွေ့မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ဆိုးကျိုးများကို အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် နိုင်ငံများမှ ဆောင်ရွက်နေသော ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်နိုင်ရေးလုပ်ငန်းများကို မြှင့်တင်လို့ဆောင်နိုင်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ မေလ ၃၁ ရက်နေ့ကို **“ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day)”** အဖြစ်သတ်မှတ်ကာ နှစ်စဉ်အသိပညာပေး အခမ်းအနားများ ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်မေလ ၃၁ ရက်နေ့ ရောက်တိုင်း ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ “ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (World No Tobacco Day)” အခမ်းအနားကို ကျင်းပပြီး ၂၀၂၆ ခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်မှာ အင်္ဂလိပ်ဘာသာဖြင့် **"Unmasking the Appeal: Countering Nicotine and Tobacco Addiction"** ဖြစ်ပါသည်။ ယင်းဆောင်ပုဒ်ကို **“နီကိုတင်းနှင့် ဆေးရွက်ကြီးစွဲလမ်းမှုကိုတိုက်ဖျက်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့”** ဟု မြန်မာဘာသာဖြင့် ပြန်ဆိုထားရှိပါသည်။

ယခုနှစ်ဆောင်ပုဒ်သည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထုတ်လုပ်ရောင်းချသော ကုမ္ပဏီများက လူငယ်များအား အဓိကပစ်မှတ်ထားပြီး ဆွဲဆောင်နိုင်ရန် အသုံးပြုနေသော လှည့်ကွက်များ၊ ကြော်ငြာနည်းလမ်းများနှင့် “ခေတ်မီခြင်း” ဟူသော ဖန်တီးမှုများ၏ နောက်ကွယ်တွင် ဖုံးကွယ်ထားသော အန္တရာယ်များကို ဖော်ထုတ်ပြသရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။

ခေတ်ရေစီးကြောင်းအရ ထုတ်ကုန်အသစ်များဖြစ်သည့် အီးစီးကရက် (E-Cigarette) ကဲ့သို့သော အီလက်ထရောနစ် အငွေ့ရှူစက်များကို အင်တာနက် စာမျက်နှာများမှလည်းကောင်း၊ ထင်ပေါ်ကျော်ကြားလူသိများသူများအား အသုံးပြု၍ လူမှုကွန်ရက် မီဒီယာအမျိုးမျိုးမှလည်းကောင်း စတင်စမ်းသပ်သုံးစွဲလာစေရန် ဆွဲဆောင်သိမ်းသွင်းနေကြပါသည်။

တစ်ဖက်ကလည်း ၎င်းတို့၏ စီးပွားရေးအကျိုးအမြတ်အတွက် သုတေသနအဖွဲ့အစည်းများကို အခကြေးငွေပေးကာ ၎င်းတို့၏ ထုတ်ကုန်များသည် ပုံမှန်ဆေးလိပ်ထက် ကျန်းမာရေးဆိုးကျိုးလျော့နည်းကြောင်း သတင်းမှားများကို သတင်းမှန်သဖွယ် စနစ်တကျ ထုတ်ပြန်ဖြန့်ဝေစေပြီး “အန္တရာယ်မရှိ” ဟူသော အယူအဆအမှားများ လူငယ်လူရွယ်များအကြား ဖြစ်ပေါ်လာအောင် မသမာသော နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

### လူငယ်မျိုးဆက်သစ်များအား အဓိကပစ်မှတ်ထား၍ ဈေးကွက်ထိုးဖောက်လာ

ဆေးလိပ်နှင့်ဆေးရွက်ကြီးသည် ကျန်းမာရေးအတွက် အန္တရာယ်ကြီးမားကြောင်း လူအများသိရှိလာသဖြင့် သုံးစွဲမှုနှုန်းသည် ယခင်ကထက် အနည်းငယ်ကျဆင်းလာခဲ့သောကြောင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်လုပ်ရောင်းချသော ကုမ္ပဏီများက လူငယ်မျိုးဆက်သစ်များအား ပစ်မှတ်ထားကာ နည်းဗျူဟာအသစ်များဖြင့် ဈေးကွက်ထိုးဖောက်လာကြသည်ကို တွေ့ရှိရပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထုတ်လုပ်သူများက ၎င်းတို့၏ ထုတ်ကုန်များကို သုံးစွဲသူများ ဆက်တိုက်သုံးစွဲစေရန်အတွက် ငွေကြေးအမြောက်အမြားအကုန်အကျခံကာ လူငယ်လူရွယ်များအား အဓိကပစ်မှတ်ထား၍ ထုတ်လုပ်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ၂၀၂၅ ခုနှစ် ထုတ်ပြန်ချက်များအရ ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်အသုံးပြုသူ ၁ ဒသမ ၃ ဘီလီယံနီးပါးအနက်မှ အသက် ၁၃ နှစ်မှ ၁၅ နှစ်အကြား ကလေးငယ်သန်းပေါင်း ၄၀ ကျော်က ဆေးရွက်ကြီးထုတ်ကုန်တစ်ခုခုကို သုံးစွဲနေကြပြီး ဆယ်ကျော်သက် ၁၅ သန်းခန့်မှာ အီလက်ထရောနစ် စီးကရက် (E-Cigarette) ကို စွဲစွဲမြဲမြဲ အသုံးပြုနေကြကြောင်းနှင့် ဆေးလိပ်နှင့်ဆက်စပ်သောရောဂါများကြောင့် အသက်ဆုံးရှုံးနေကြသည်ကို ဖော်ပြထားသည်။

နီကိုတင်းသည် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ချို့ယွင်းစေသည့် စွဲလမ်းစေသော ဓာတ်ပစ္စည်းတစ်မျိုးဖြစ်ပြီး E-Cigarette နှင့် ဆေးလိပ်ထုတ်ကုန်များတွင် ပါဝင်သော ဓာတုပစ္စည်းများက အဆုတ်ကင်ဆာ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ လေဖြတ်ရောဂါနှင့် သွေးတိုးရောဂါများကို ဖြစ်ပွားစေပါသည်။

မြန်မာနိုင်ငံသည် ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ဆေးရွက်ကြီးထိန်းချုပ်မှု အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း WHO Framework Convention on Tobacco Control (WHO FCTC) ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့သည့်အပြင် ၂၀၀၆ ခုနှစ်တွင် **"The Control of Smoking and Consumption of Tobacco Product Law"** **“ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဥပဒေ”** ကို ပြဋ္ဌာန်းခဲ့ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် အကူအညီပေးခြင်းများကို ဥပဒေအရတားမြစ်ထားပြီး ဖြစ်ပါသည်။

ဆွဲဆောင်မှုဖြစ်စေသော ထုပ်ပိုးမှုပုံစံများကို တားဆီးနိုင်ရန်အတွက်ရည်ရွယ်၍ **“ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်”** ကို ၂၀၂၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် စတင်အာဏာသက်ဝင်ခဲ့ပြီး အမိန့်စာကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

### အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်

ကျန်းမာရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ(က) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၂-၂-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၂၆ ဖြင့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၉ အရ အမိန့်ကို ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲဖြင့် ကုန်စည်များအပေါ် တားမြစ်မိန့် ထုတ်ပြန်၍ အီလက်ထရောနစ် အငွေ့ရှူစက် (Electronic Smoking Device) ဖြစ်သည့် အီလက်ထရောနစ်စီးကရက် (Electronic Cigarette)၊ ယင်းအီလက်ထရောနစ် စီးကရက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့ဆက်စပ်ပစ္စည်းများ၊ အပူပေးအငွေ့ရှူစက် (Heated Smoking Device)၊ ယင်းအပူပေးအငွေ့ရှူစက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ဆက်စပ်ပစ္စည်းများ၊ အီလက်ထရောနစ် အငွေ့ရှူစက် (Electronic Smoking Device)ဖြစ်သည့် အီလက်ထရောနစ် ရှီရှား (Electronic Shisha)၊ ယင်းအီလက်ထရောနစ် ရှီရှားကဲ့သို့ အလားတူပစ္စည်းနှင့်ယင်းတို့၏ ဆက်စပ်ပစ္စည်းတို့ကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းပြုပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်ဆိုသော တားမြစ်မိန့်ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ လှုပ်ရှားမှု၏ အဓိကဦးတည်ချက်မှာ ဆေးလိပ်နှင့် နီကိုတင်းလုပ်ငန်းများက ကလေးသူငယ်များနှင့် လူငယ်များအား ပိုမိုဆွဲဆောင်လှည့်ဖြားနိုင်သည့် စွဲလမ်းစေသောထုတ်ကုန်များကိုအသုံးပြု၍ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းနှင့် ဈေးကွက်ချဲ့ထွင်မှုများကို အဓိကထားတိုက်ဖျက်သွားရန် ဖြစ်ပါသည်။

*စာမျက်နှာ ၁၃ သို့*

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကျင်းပ

**မန္တလေး ဇွန် ၂**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်း (၁၅) ခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်းတို့ ဆောင်ရွက်ကြသည်။



ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်၊ စက်မှု၊ စွမ်းအင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့ရေးရာနှင့်လူမှုရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင်တို့အား ပြောင်းလဲ/ ဖြည့်စွက်တာဝန်ပေးအပ်ရန် အမည်စာရင်းများကို လွှတ်တော်သို့တင်ပြပြီး ယင်းကော်မတီ (၅) ခု၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲ/ ဖြည့်စွက်တာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဇွန် ၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မော်ထွန်း**

(ပြန်/ဆက်)

# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပ

**ပဲခူး ဇွန် ၂**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး(ပထမနေ့) အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် အစည်းအဝေးအား လွှတ်တော်ကိုယ်စားလှယ် အားလုံးတက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ မိန့်ခွန်းနှင့် သဝဏ်လွှာများအား တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင်ကာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း (၁၀) ခုကို သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးက တတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) အား ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဖြိုးကြိုင်**

(ပြန်/ဆက်)

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ၁၁ ကေဗွီ ဖီဒါ(၉)ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်မည်

**နေပြည်တော် ဇွန် ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေး ဓာတ်အားလိုင်းများ တစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ခြုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန် ၂၀၂၆ ခုနှစ် ဇွန် ၄ ရက်တွင် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၇) ၏ ၁၁ ကေဗွီ ဖီဒါ(၉) ဓာတ်အားလိုင်းကို နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ထိန်းသိမ်းပြုပြင်ခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန် ဓာတ်အားယာယီပြတ်တောက်နေမည် ဖြစ်ပြီး ဓာတ်အားပြတ် ဧရိယာများရှိ အများပြည်သူများအား ကြိုတင်အသိပေးထားပြီး ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကိုပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

❖ *ကျောဖုံးမှ*

တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းရေးတို့အတွက် ရှေ့တန်းစစ်မျက်နှာစာများတွင် အသက်ကိုပဓာနမထားဘဲ စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။

ထို့နောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၂ မှ*

**ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထုတ်လုပ်သူများက ဆေးလိပ်နှင့်ဆေးရွက်ကြီး စည်းမျဉ်းစည်းကမ်းများကို ရှောင်လွှဲဖုံးကွယ်ရန် Synthetic nicotine၊ nicotine salts နှင့် အရသာထည့် E-Cigarette များကို မည်ကဲ့သို့ ထုတ်လုပ်အသုံးပြုနေသည်ကို ပြည်သူလူထုသိရှိ၍ ရှောင်ကြဉ်လာစေရန် အဓိကထား ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေး အသိပညာပေးလှုပ်ရှားမှုအနေဖြင့် E-Cigarette နှင့် synthetic nicotine တို့၏ ဖုံးကွယ်ထားသော အန္တရာယ်များအကြောင်းကို ကျောင်းသားလူငယ်များသိရှိနားလည်စေရန် လူမှုအသိုင်းအဝိုင်းများနှင့် ကျောင်းများတွင် ပညာပေးအစီအစဉ်များ ကျင်းပပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။**

**E-Cigarette ကဲ့သို့သော အနံ့အရသာပါ ထုတ်ကုန်များကိုတားမြစ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ဆေးလိပ်ငွေ့ကင်းစင်သော အများပြည်သူသုံးနေရာများ ဖန်တီးခြင်းတို့ကို ပိုမိုလုပ်ဆောင်သွားရမည် ဖြစ်ပါသည်။**

ထို့အပြင် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲနေသူများအားလည်း နည်းစနစ်မှန်စွာ ဆေးလိပ်နှင့် ဆေးရွက်ကြီးဖြတ်နိုင်ရန်အတွက် လိုအပ်သော အစီအမံများ (ဥပမာ "5As"- Ask၊ Advise၊ Assess၊ Assist၊ Arrange) တို့ကို ပံ့ပိုးပေးခြင်း ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်ပေးသူများသည် 5As နည်းလမ်းကို အသုံးပြု၍ Ask (မေးမြန်းခြင်း) လူနာတိုင်း၏ ဆေးလိပ်အသုံးပြုမှု အခြေအနေကို ဆေးခန်းလာရောက်တိုင်း စစ်ဆေးမှတ်တမ်းတင်ခြင်း၊ Advise (အကြံပေးခြင်း) ဆေးလိပ်သုံးစွဲသူတိုင်းကို ရှင်းလင်းပြတ်သားပြီး အားကောင်းကာ တစ်ဦးချင်းအလိုက် သင့်လျော်သောနည်းလမ်းဖြင့် ဆေးလိပ်ဖြတ်ရန် တိုက်တွန်းခြင်း၊ Assess (အကဲဖြတ်ခြင်း) လာမည့်ရက် ၃၀အတွင်း ဆေးလိပ်ဖြတ်ရန် ကြိုးစားလိုစိတ် ရှိ/မရှိကို သတ်မှတ်အကဲဖြတ်ခြင်း၊ Assist(ကူညီပံ့ပိုးခြင်း) လူနာအတွက် သီးသန့်ဆေးလိပ်ဖြတ် အစီအစဉ်တစ်ခု ဖန်တီးပေးခြင်း၊ ယင်းတွင်အပြုအမူဆိုင်ရာ ဆွေးနွေးအကြံပေးမှုများနှင့် ဆေးဝါးကုသမှုများ ဥပမာ- Nicotine Replacement Therapy၊ Varenicline တို့အသုံးပြု၍ ကုသပေးခြင်း၊ Arrange (စီစဉ်ဆောင်ရွက်ခြင်း) ဆေးလိပ်ဖြတ်သည့် သတ်မှတ်ရက်နောက်ပိုင်း ပထမအပတ်အတွင် follow-up ဆက်သွယ်မှုများပြုလုပ်ရန် စီစဉ်ပေးခြင်း ဆက်လက်အားပေးကူညီရန်နှင့် ပြန်လည်သုံးစွဲမှု မဖြစ်စေရန် ကာကွယ်ပေးခြင်း စသည့် လုပ်ငန်းရပ်များကို အားဖြည့်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**“ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့”**သည် ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးကိုကာကွယ်ရန် သတိပေးနှိုးဆော်သော နေ့ရက်တစ်ရက်လည်း ဖြစ်ပါသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုကြောင့် နာတာရှည်အဆုတ်နှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါနှင့် ခံတွင်းကင်ဆာရောဂါအပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများဖြစ်ပွားခြင်းကြောင့် အရွယ်မတိုင်ခင် သေဆုံးခြင်းမှ ရှောင်ရှားနိုင်စေရန်နှင့် သက်ရှည်ကျန်းမာစွာနေထိုင်နိုင်ရေးအတွက် မိဘပြည်သူများအနေဖြင့် မိမိတို့ ကိုယ်တိုင်ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းမှ ရှောင်ကြဉ်နိုင်ကြစေရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ အပါအဝင် ဆေးလိပ်မသောက်သုံးသည့်သူများအနေဖြင့် တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်များ ပေါ်ပေါက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လူငယ်များအား ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကို အစမပြုမိစေရန် တားဆီးကာကွယ်ခြင်းဖြင့် **“နီကိုတင်းနှင့် ဆေးလိပ်ဆေးရွက်ကြီး ကင်းစင်သောလူငယ်သည် ကျန်းမာသောနိုင်ငံ၏ အနာဂတ်ဖြစ်သည်”**ဆိုသောအသိကို လူတိုင်းလက်ခံကျင့်သုံးပြီး ကျန်းမာသောလူမှုဘဝများ ရရှိပိုင်ဆိုင်နိုင်စေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရန်အတွက် ယခုနှစ်၏ ဆောင်ပုဒ်ဖြစ်သော **“နီကိုတင်းနှင့် ဆေးရွက်ကြီးစွဲလမ်းမှုကို တိုက်ဖျက်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့”** ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကားစာရင်း**


1. World Health Organization (WHO) – Tobacco Fact Sheet, 2025.
2. World No Tobacco Day Campaign – WHO.
3. Ministry of Health Myanmar (MOH) Official Website.
4. WHO Framework Convention on Tobacco Control (WHO FCTC)
5. ASEAN Tobacco Control Alliance Reports.




# ကမ္ဘာ့အကြီးဆုံးပင်လယ်ရေကြောင်းကုန်စည်ပြပွဲ အေသင်မြို့၌ကျင်းပ

**အေသင် ဇွန် ၂**

ကမ္ဘာ့အကြီးဆုံး ပင်လယ်ရေကြောင်းကုန်သွယ်မှု ပြပွဲများထဲမှ တစ်ခုဖြစ်သည့် ပိုဆီဒိုးနီးယားအပြည်ပြည်ဆိုင်ရာ ရေကြောင်းနှင့် သင်္ဘောလုပ်ငန်းဆိုင်ရာ ကုန်စည်ပြပွဲကို ဇွန် ၁ ရက်က ဂရိနိုင်ငံ အေသင်မြို့၌ ဖွင့်လှစ်ခဲ့ပြီး နိုင်ငံနှင့်ဒေသပေါင်း ၈၃ ခုမှ ပြသသူပေါင်း ၂၂၀၀ ကျော် ပူးပေါင်းပါဝင်ခဲ့သည်။ ၎င်းတို့ထဲတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်ပါဝင်သည်ဟု သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးစွမ်းအင်ကဏ္ဍနှင့် စီးပွားရေးတည်ငြိမ်မှုတို့တွင် ရေကြောင်းကုန်သွယ်ရေးကဏ္ဍသည် ပို၍အရေးပါကြောင်း ဖွင့်ပွဲအခမ်းအနား၌ ဂရိဝန်ကြီးချုပ် ကီရီယာကိုစ် မစ်ဆိုတာကစ် က ပြောသည်။

အဆိုပါပြပွဲတွင် ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဒီဂျစ်တယ်အသွင်ပြောင်းလဲမှုနှင့် ရေကြောင်းသင်္ဘောလုပ်ငန်းတွင် ဉာဏ်ရည်တုနည်းပညာ (AI) အသုံးချမှုများအပါအဝင် အဓိကအကြောင်းအရာများကို ဦးစားပေးပြသခဲ့သည်။ ပြပွဲကာလအတွင်း ဖိုရမ်များနှင့် အခြားအစီအစဉ်ပေါင်း ၇၀ ခန့် ကျင်းပသွားမည်ဖြစ်သည်။

ယင်းပြပွဲကို ၁၉၆၉ ခုနှစ်က စတင်ပြသခဲ့ခြင်းဖြစ်ပြီး နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိသည်။ ပိုဆီဒိုးနီးယားပြပွဲသည် ကမ္ဘာ့အဆင့်မီ ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာ ပြပွဲများတွင် အရေးအပါဆုံးပြပွဲတစ်ခုဖြစ်ပြီး ဇွန် ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဆင်ဟွာ

# အီသီယိုးပီးယားလေကြောင်းလိုင်းက မောရစ်ရှပ်စ်နိုင်ငံသို့ ခရီးစဉ်သစ်ပျံသန်းပြေးဆွဲမည်

**အဒစ္စအဘာဘာ ဇွန် ၂**

အာဖရိကတိုက်တွင် ရှေ့တန်း လေကြောင်းလိုင်းဖြစ်သော အီသီယိုးပီးယားလေကြောင်းလိုင်းသည် နိုင်ငံ၏ မြို့တော် အဒစ္စအဘာဘာမှ မောရစ်ရှပ်စ်နိုင်ငံမြို့တော် ပေါ့သ်လူဝီမြို့သို့ တစ်ပတ်လျှင် သုံးကြိမ် ခရီးသည်တင်လေကြောင်း ခရီးစဉ်သစ်ကိုလာမည့် ဇူလိုင် ၁၂ ရက်မှ စတင်ကာ ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း ဇွန် ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မောရစ်ရှပ်စ်နိုင်ငံသို့ ခရီးသည်တင်လေကြောင်း ပျံသန်းပြေးဆွဲမှုသည် အာဖရိကတိုက်အတွင်း ပေါင်းစည်းချိတ်ဆက်မှုကို ပိုမိုနက်ရှိုင်းစေရန်နှင့် အရှေ့တောင်အာဖရိကနှင့် အခြားဒေသများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရန် လေကြောင်းလိုင်း၏ မဟာဗျူဟာမြောက်ကတိကဝတ်ကို ပေါ်လွင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မောရစ်ရှပ်စ်နိုင်ငံသို့ တိုက်ရိုက်လေကြောင်းခရီးစဉ်ပျံသန်းပြေးဆွဲခွင့်ရရှိသည့်အတွက် ဝမ်းမြောက်မိကြောင်း၊ ယင်းကဲ့သို့ ပျံသန်းပြေးဆွဲမှုက အာဖရိကလူမျိုးများနှင့် ကမ္ဘာ့လှည့်ခရီးသွားများအတွက် သွားလာမှုပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး အခွင့်အလမ်းများလည်း ပိုမိုတိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း အီသီယိုးပီးယားလေကြောင်းလိုင်း အုပ်စု အမှုဆောင်အရာရှိချုပ် မက်ဖင်းတာ ဆူးက ပြောသည်။

ဆင်ဟွာ




# ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ခြောက်ဦးထပ်မံတွေ့ရှိ

**ကမ်ပါလာ ဇွန် ၂**

ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားသူ ခြောက်ဦးထပ်မံတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း အီဘိုလာရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၅ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဇွန် ၂ ရက်တွင် ပြောကြားသည်။ အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူများမှ လူနာသစ်ခြောက်ဦး တိုးလာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသော အချက်အလက်များအရ သိရသည်။

အီဘိုလာရောဂါကူးစက်ခံရသူ ၁၂ ဦးကိုကုသရေးစင်တာတွင် ကုသမှုပေးထားပြီး လူနာနှစ်ဦးမှာ ပြန်လည်ကျန်းမာလာပြီဖြစ်သည့်အတွက် ဆေးရုံမှ ဆင်းသွားပြီဟုသိရသည်။ ယူဂန်ဒါနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားနေကြောင်းကို မေလအတွင်းက ကြေညာခဲ့သည်။ လက်ရှိတွင် အတည်ပြုလူနာများနှင့် ထိတွေ့ခဲ့သူ ၆၆၈ ဦးကို ကျန်းမာရေးအာဏာပိုင်များက စောင့်ကြည့်မှုများပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ

# လက်ဘနွန်၌ အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကန်ဒေါ်လာ ၁၁၂ သန်း လိုအပ်ဟုဆို

**ဘေရွတ် ဇွန် ၂**

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သည် လက်ဘနွန်နိုင်ငံတွင် လာမည့်သြဂုတ်လအထိ အရေးပေါ် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ရန် အမေရိကန်ဒေါ်လာ ၁၁၂ သန်းလိုအပ်ကြောင်း ဇွန် ၂ ရက်တွင် ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံ တောင်ပိုင်းသို့ ၂၄ စီးပါ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ယာဉ်တန်းကို စေလွှတ်ထားပြီးဖြစ်သော်လည်း ယာဉ်တန်း၏ ထက်ဝက်ကျော်မှာ လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကြောင့် နှောင့်နှေးကြန့်ကြာခြင်းသို့မဟုတ် ဖျက်သိမ်းရခြင်းများနှင့် ကြုံတွေ့နေရကြောင်း WFP က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘေးလွတ်ရာရွှေ့ပြောင်းရေး အမိန့်များက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီပေးမှုကို အဟန့်အတားဖြစ်စေသည့်အပြင် အထူးသဖြင့် သွားလာရခက်ခဲသောဒေသများသို့ ပံ့ပိုးကူညီမှုများ ပို့ဆောင်ရာတွင် ပိုမိုခက်ခဲသွားစေကြောင်း WFP က ပြောသည်။

လက်ဘနွန်နိုင်ငံရှိ လူပေါင်း ၁ ဒသမ ၂၄ သန်းမှာ စားနပ်ရိက္ခာမဖူလုံမှုနှင့် အလွန်အမင်းရင်ဆိုင်ကြုံတွေ့နေရပြီး နောက်ထပ်လူပေါင်း တစ်သန်းကျော်မှာလည်း နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်နေကြရသည့်အတွက် ရန်ပုံငွေ လောက်မှုမရှိပါက ထောက်ပံ့ကူညီမှုများ တုံ့ဆိုင်းသွားနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံ၌ ဆောက်လက်စအဆောက်အအုံ ပြိုကျမှုမှ သေဆုံးသူ ၂၀ အထိ မြင့်တက်လာ

**မနီလာ ဇွန် ၂**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း ပမ်ပန်ဂါပြည်နယ် အိန်ဂျလိစ်မြို့တွင် ဆောက်လက်စ အဆောက်အအုံပြိုကျမှုမှ သေဆုံးသူ ၂၀ အထိ မြင့်တက်လာကြောင်း ဒေသအာဏာပိုင်များက ဇွန် ၂ ရက်တွင် ပြောသည်။

ကယ်ဆယ်ရေးသမားများက အပျက်အစီးများ အောက်မှ ရုပ်အလောင်းသုံးခု ထပ်မံတွေ့ရှိသည့်အတွက် သေဆုံးသူအရေအတွက် မြင့်တက်လာခြင်းဖြစ်သည်။ ဒေသခံမီးဘေးကာကွယ်ရေးဌာနက အဆောက်အအုံပြိုကျမှုကြောင့် လူပေါင်း ၂၀ သေဆုံးကြောင်း အတည်ပြုထားသည်။ ထို့အပြင် ၂၇ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ပျောက်ဆုံးသူ မရှိတော့ကြောင်း ပြောသည်။

ယင်းအဆောက်အအုံသည် ဆောက်လုပ်ရေး လုပ်သားများ အိပ်ပျော်နေစဉ် မေ ၂၄ ရက် နံနက် ၃ နာရီဝန်းကျင်က ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူပေါင်း ဒါဇင်နှင့်ချီ၍ အပျက်အစီးများ အောက် ပိတ်မိနေခဲ့ကြောင်း သိရသည်။

ဆင်ဟွာ



# တောင်အာဖရိကသို့ ရောက်ရှိနေသည့် ဂါနာနိုင်ငံသား ၁၅၀၀ နေရပ်ပြန်ရန် စာရင်းပေး

**ဂျိုဟန်နက်စ်ဘာ့ဂ် ဇွန် ၂**

ဂါနာနိုင်ငံသား ၁၅၀၀ သည် တောင်အာဖရိကရှိ ၎င်းတို့၏ အဆင့်မြင့်ကိုယ်စားလှယ်ရုံးတွင် ဂါနာနိုင်ငံသို့ပြန်ရန်အတွက် စာရင်းပေးထားကြကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၌ ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သည့်စိတ်ဓာတ်များ ကြီးထွားလာခြင်းကြောင့် ယခုကဲ့သို့ နေရပ်ပြန်ကြရန် စာရင်းပေးသွင်းကြခြင်းဖြစ်သည်။ တောင်အာဖရိကရှိ ဂါနာအဆင့်မြင့်ကိုယ်စားလှယ်ရုံးသို့ ဇွန် ၁ ရက်တွင် စာရင်းပေးသွင်းထားသူ ဂါနာနိုင်ငံသား ၁၅၀၀ ကျော်ရှိပြီး အဆိုပါလျှောက်လွှာများကို စိစစ်အတည်ပြုခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။

အရာရှိများသည် လက်ခံထားပြီးသား လျှောက်လွှာများကို စိစစ်ဆောင်ရွက်ရန်အတွက် လျှောက်လွှာအသစ်များကို ယာယီရပ်နားထားကြောင်း အဆင့်မြင့်ကိုယ်စားလှယ်ရုံးက ကြေညာခဲ့သည်။

တောင်အာဖရိကနိုင်ငံတွင် ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်ဆန္ဒပြမှုများ ၁၀ ကြိမ်ထက်မနည်း ဖြစ်ပေါ်ခဲ့သည့်အပြင် အလုပ်လက်မဲ့များပြားလာမှု၊ ရာဇဝတ်မှုများတိုးပွားလာမှုနှင့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံတို့တွင် ဖိအားများမြင့်တက်လာသည့်အတွက် ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သည့်ဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သည့်အုပ်စုများက ဇွန် ၃၀ ရက် နောက်ဆုံးထား၍ အထောက်အထားမဲ့နိုင်ငံခြားသားများ တိုင်းပြည်အတွင်းမှ ထွက်ခွာသွားကြရန် တောင်းဆိုထားသည်။ ဆင်ဟွာ

# တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂**

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာရှိ စဝ်နွံ့(ခ)စဝ်နွံ့လင်း ပိုင်ဆိုင်သည့် အိမ်အမှတ် (ဝလ-၀၀၁) နေအိမ်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ဆောင်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက် ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၁ ဦးတို့အား Desktop ၅၈ လုံး၊ System ပုံး အလုံး ၆၀၊ ဖုန်းမျိုးစုံ အလုံး ၆၀၊ စားပွဲ အလုံး ၂၀၊ ထိုင်ခုံ ၅၄ လုံး တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



တာချီလိတ်မြို့အနီး ဝမ်လုံးကျေးရွာ၌ အွန်လိုင်းငွေလိမ်လုပ်ငန်း လုပ်ကိုင်သည့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်လုံးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများနှင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေ အဆောက်အအုံ သုံးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြား သတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံး အနက် သုံးထပ် လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်၊ ယန္တရားများ အသုံးပြု၍ စနစ်တကျ ထပ်မံ ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၂၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ အလုံး ၅၀ ကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်း အင်အားစုများအပြင် အိမ်နီးချင်း နိုင်ငံများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် လူနေသုံးထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှုကို တွေ့ရစဉ်။

# ကျောက်မဲမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ကျောက်မဲ ဇွန် ၂**

ဇွန်လ (၅) ရက်နေ့တွင် ကျရောက်မည့် “ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့” ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့ နံနက်ပိုင်းက ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောက်မဲခရိုင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး အ.ထ.က(၂) ကျောင်းအုပ်ကြီးထံသို့ အမှတ်တရသစ်ပင်များ လွှဲပြောင်းပေးအပ်ခဲ့သည်။



ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများကပူးပေါင်း၍ ချယ်ရီ၊ ပိတောက်၊ ပန်းတမာ၊ ရေသင်းဝင်၊ စိန်ပန်းပြာ၊ ပိန္နဲပင် စသည့်စုစုပေါင်း သစ်ပင် ၂၀၀ ကို အ.ထ.က (၂) ကျောင်းဝင်းအတွင်း စုပေါင်းကာ ပျော်ပျော်ပါးပါး စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တံတားဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုထိန်းချုပ်ရေးကွင်းဆင်းဆောင်ရွက်

**တံတားဦး ဇွန် ၂**

တံတားဦးမြို့နယ်၌ ပြည်သူလူထုအခြေပြု သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုထိန်းချုပ်ရေး ကွင်းဆင်း ဆောင်ရွက်ခြင်းကို ယနေ့ နံနက်က တံတားဦးမြို့ အမှတ်(၁)ရပ်ကွက် သာဂေါင်ရပ်တွင် ခရိုင်ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီး ဒေါက်တာမြင့်ဦး၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြသည်။ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုဟန့်တားနိုင်ရန်အတွက် လိုအပ်သော ဖုံး၊ သွန်၊ လဲ၊ စစ် ကာကွယ်ရေး လုပ်ငန်းများအပါအဝင် ပိုးလောက်လမ်း ရှာဖွေစစ်ဆေးခြင်း၊ ရေလှောင်ကန်များအတွင်း ပိုးလောက်လမ်း သေစေနိုင်သော အဘိတ်ခတ်ပေးခြင်း၊ ရေလှောင်ကန်များအတွင်း လောက်လမ်းစားငါးထည့်ခြင်း၊ ခြင်ပေါက်ပွားနိုင်သော နေရာများကို ရှင်းလင်းခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာများ အသုံးပြု၍ ကျန်းမာရေးအသိပညာ ပေးခြင်းများ ဆောင်ရွက်ကြသည်။



**မြို့နယ် (ပြန်/ဆက်)**

# ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘာယ်လင်ကာ တက်ရောက်

ကမ္ဘာ့အဆင့် (၁) ဘယ်လာရုစ်တင်းနစ်မယ် အရှိုင်နာ ဆာဘာယ်လင်ကာသည် ပြင်သစ်အိုးပင်း အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂျပန်ထိပ်တန်းတင်းနစ်မယ် နာအိုမီ အိုဆာကာကို ၇-၅၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

ဆာဘာယ်လင်ကာ(**ယာပုံ**) သည် ပြင်သစ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ရုရှားတင်းနစ်မယ် ဒိုင်ယာနာ ရှနိုက်ဒါနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှနိုက်ဒါသည် စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်မယ် မက်ဒီဆင်ကီးစ်ကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၆-၃၊ ၃-၆၊ ၆-၀ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာသူဖြစ်သည်။ **အောင်ဇော်**



သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား အရှိန်အဟုန်မြင့် အလေးထားဆောင်ရွက်လျက်ရှိ



၂၉-၁-၂၀၂၃ ရက်တွင် Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစား) လုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်း အမှတ်(FG-98) နေအိမ်မှ တရားခံ အောင်ဖုန်းကျော်ပါ ၁၉ ဦးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် မူဆယ်မြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုမှ ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ပြည်နှင်လွှဲပြောင်းပေးအပ်မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဇွန် ၂**

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများသည် မြန်မာနိုင်ငံနယ်စပ်ဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လွှမ်းမိုးထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်၊ နန်းခမ်း၊ မူဆယ်၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ပန်ဆန်း၊ မိုင်းလားနှင့် တာချီလိတ်အစရှိသည့် မြန်မာ- တရုတ် နယ်စပ်ဒေသများနှင့် ကရင်ပြည်နယ် ရွှေကုက္ကိုလ် မဲ့ထော်သလေး၊ မင်းလက်ပံနှင့် ဘုရားသုံးဆူ အစရှိသည့် မြန်မာ-ထိုင်း နယ်စပ်ဒေသများတွင် အခြေပြုလုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားမှုများသည် နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သော (National Security Threat) ရာဇဝတ်မှုခင်းများဖြစ်သည့်အပြင် ယင်းရာဇဝတ်မှုများသည် လူအများစုအပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး ထွက်ပေါ်လာသောရလဒ်နှင့် ဆိုးကျိုးများကို နိုင်ငံအသီးသီးက ပြင်းထန်စွာခံစားနေရသည်။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း နိုင်ငံတကာနှင့်တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ထိုသို့တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ ဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံး ဖမ်းဆီးရမိခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ မြန်မာနိုင်ငံနယ်စပ်ဒေသများအတွင်းသို့ တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုပြုလုပ်ခြင်း၊ ကာစီနိုကစားဝိုင်းများ ပြုလုပ်ခြင်း၊ အနိုပ်ခန်းနှင့် တရားမဝင် ပြည့်တန်ဆာလုပ်ငန်းများပြုလုပ်ခြင်းနှင့် စားသောက်ဆိုင်လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သူများစသည့်အထောက်အထားမဲ့ဝင်ရောက်လာသူ တရားမဝင် နိုင်ငံခြားသား ၇၂၆၁၉ ဦးတို့အား ရှာဖွေဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းတို့အား လူသားချင်းစာနာထောက်ထားမှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတို့အား ရှေးရှုကာ ပြည်တွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း မပြုဘဲ သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့သည်။

ထိုသို့ လွှဲပြောင်းခဲ့ရာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ရှမ်းပြည်နယ်အတွင်း၌ အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများအပါအဝင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ၅၆၉၁၈ ဦးတို့အား မုံးအတံတား၊ ရန်လုံကျိုင်းဂိတ်၊ ဘီပီ-၅၈၊ ဘီပီ-၁၂၅၊ နန့်ဖာဟော်ဂိတ်၊ မန်းဝိန်းဂိတ်၊ ပန်ဝိုင်မြို့၊ ရုံဟယ်ဂိတ်၊ တာလေ့ဂိတ်၊ ဘီပီ-၂၄၀၊ မယ်ဆိုင်ဂိတ်၊ တာချီလိတ်အမှတ်(၁)တံတား၊ တာချီလိတ်အမှတ်(၂)တံတား၊ လာအိုနိုင်ငံ မိုင်းမောဆိပ်ကမ်းနှင့် ဝမ်ပုံဆိပ်ကမ်းတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး တရားမဝင် အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်ခဲ့သော နိုင်ငံခြားသားများအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စတင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဖမ်းဆီးထိန်းသိမ်း/ လွှဲပြောင်းခဲ့မှုများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မေ ၂၆ ရက်အထိ တရားမဝင် နိုင်ငံခြားသား ၁၄၆၈၅ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး ၁၃၅၂၁ ဦးအား သက်ဆိုင်ရာ နိုင်ငံများသို့ ပြည်နှင်ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခဲ့သဖြင့် လွှဲပြောင်းရန် ၁၁၆၄ ဦးကျန်ရှိသည်။

အွန်လိုင်းအသုံးပြု လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတို့တွင် ပါဝင်ပတ်သက် ကျူးလွန်နေကြသည့် မြန်မာနိုင်ငံသားများအပါအဝင် နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း (၁၅) မှုမှ မြန်မာနိုင်ငံသား ကျား ၄၉ ဦး၊ မ ၆၃ ဦး နိုင်ငံခြားသား ကျား ခုနစ်ဦးတို့အား လည်းကောင်း။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၆၆)မှုမှ မြန်မာနိုင်ငံသား ကျား ၄၃၁ ဦး၊ မ ၃၂၇ ဦး၊ နိုင်ငံခြားသား ကျား ၇၆၁ ဦး၊ မ ၂၆ ဦး တို့အားလည်းကောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၄၁)မှုမှ မြန်မာနိုင်ငံသား ကျား ၂၃၂ ဦး၊ မ ၁၈၀၊ နိုင်ငံခြားသား ကျား ၃၇၀၊ မ ၂၀ တို့အား လည်းကောင်း။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၂၈ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့၌ အမှုပေါင်း(၂၃)မှုမှ မြန်မာနိုင်ငံသား ကျား ၂၁၄ ဦး၊ မ ၂၄၄ ဦး၊ နိုင်ငံခြားသား ကျား ၄၄၇ ဦး၊ မ ၆၂ ဦး တို့အားလည်းကောင်း။

အသီးသီးဖမ်းဆီး အရေးယူဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ကာလအတွင်း အမှုပေါင်း(၁၄၅)မှုမှ မြန်မာနိုင်ငံသား ကျား ၉၂၆ ဦး၊ မ ၈၁၄ ဦး ပေါင်း ၁၇၄၀၊ နိုင်ငံခြားသား ကျား ၁၅၈၅ ဦး၊ မ ၁၀၈ ဦး၊ ပေါင်း ၁၆၉၃ ဦး၊ စုစုပေါင်း ၃၄၃၃ ဦးတို့အား ဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ ပပျောက်စေရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း အွန်လိုင်းလောင်းကစား ပြုလုပ်သည့် အဆောက်အအုံများအား အများဆုံး တွေ့ရှိရပြီး အဆိုပါအဆောက်အအုံများအား ဥပဒေနှင့်အညီ ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်အတွင်း တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၃၀၈ လုံး၊ ကရင်ပြည်နယ်အတွင်း ၇၈၂ လုံး စုစုပေါင်း ၁၀၉၀ ရှိပြီး အဆိုပါ အဆောက်အအုံများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ဖျက်ဆီးခဲ့ရာ ၉၆၂ လုံး ဖျက်ဆီးပြီးဖြစ်၍ ကရင်ပြည်နယ်အတွင်း ကျန်ရှိသည့် အဆောက်အအုံ ၁၂၈ လုံးအား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်း မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ကျေးသီး၊ လဲချား၊ ကာလိ၊ မိုင်းပေါက်၊ မိုင်းကိုင်၊ နမ့်ဆန်၊ မူဆယ်၊ တာချီလိတ်၊ မက်မန်း၊ မိုင်းခတ်နှင့် မိုင်းရှူးမြို့နယ် စုစုပေါင်း မြို့နယ် ၁၆ မြို့နယ်အတွင်းမှ တရားမဝင် အွန်လိုင်းလောင်းကစား လုပ်ကိုင်သည့် အဆောက်အအုံ ၃၀၈ လုံးအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် မေ ၂၈ ရက်အထိ ဖျက်ဆီးခဲ့ပြီးဖြစ်သည်။

အလားတူ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ KK Park အတွင်း၌ တရားမဝင် ဆောက်လုပ်ထားသည့် အဆောက်အအုံ ၆၃၄ လုံးအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၈ ရက်အထိ အပိုင်း(၃)ပိုင်းခွဲ၍ ဖောက်ခွဲဖျက်ဆီးခြင်းနှင့် စက်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ အပိုင်း(၁)တွင် အဆောက်အအုံ ၁၄၇ လုံးအား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ လည်းကောင်း၊ အပိုင်း(၂)တွင် အဆောက်အအုံ ၆၂ လုံးအား ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိလည်းကောင်း၊ အပိုင်း(၃)တွင် အဆောက်အအုံ ၄၂၅ လုံးအား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိလည်းကောင်း ဖျက်ဆီးခဲ့သည်။

ထို့အတူ မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာ၌ အွန်လိုင်းလောင်းကစား လုပ်ကိုင်ရန် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံ ၇၇ လုံးရှိပြီး အဆိုပါ အဆောက်အအုံများအား စနစ်တကျ ဖျက်ဆီးခဲ့ရာ ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်အထိ အဆောက်အအုံ ၂၇ လုံး ဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် အဆောက်အအုံ အလုံး ၅၀ အား ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်သည်။

အလားတူ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ရွှေကုက္ကိုလ်မြိုင်ကျေးရွာ ပတ်ဝန်းကျင်ရှိ လုပ်ငန်းဆိုက်များမှ စစ်ဆေးတွေ့ရှိခဲ့သည့် ကွန်ပျူတာ/ မော်နီတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း ဟန်းဆက် အလုံး ၂၁၈၇၀၊ Starlink စက် ၁၀၂ လုံး၊ ကာစီနိုလောင်းကစားခုံ၊ Router ၂၂ လုံးတို့နှင့် မြဝတီမြို့ အမှတ်(၃) ရပ်ကွက် မြဝတီ-မဲ့ထော်သလေးသွားကားလမ်းဘေးရှိ 69 KTV ခြံဝင်းအတွင်းမှ သိမ်းဆည်းရရှိခဲ့သည့် ကွန်ပျူတာ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးတို့အား ဖျက်ဆီးရှင်းလင်းနိုင်ခဲ့သည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုများကို ဆိုက်ဘာလုံခြုံရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယင်းတို့နှင့်ဆက်စပ်ဖြစ်ပွားသော လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ ငွေကြေးခဝါချမှုများကိုလည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကိုလည်း ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရန် ၂၀၂၆ ခုနှစ် မေ ၁၄ ရက်တွင် ထုတ်ပြန်ထားခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကရင်ပြည်နယ် မြဝတီမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့် အဆောက်အအုံများအား ဖျက်ဆီးထားသည့် မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်၌ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတွင် အသုံးပြုသည့် အဆောက်အအုံများအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

## ချမ်းမြသာစည်မြို့နယ်၌ ကျန်းမာရေးအသိပညာမြှင့်တင်ရေး ဆောင်ရွက်



**ချမ်းမြသာစည် ဇွန် ၂**

ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ ထွန်တုံးရပ်ကွက်ကျေးလက်ကျန်းမာရေး ဌာနခွဲရုံးတွင် ဆောင်ရွက်ရာ ကျန်းမာရေး အသိပညာပေး အခမ်းအနားသို့ တက်ရောက်လာသော အသက် ၄၀ နှင့်အထက် ပြည်သူများအား နှလုံး၊ သွေးတိုး၊ ဆီးချိုများ စစ်ဆေးပေးခြင်း၊ ကိုယ်အလေးချိန် တိုင်းတာပေးခြင်းများ ပြုလုပ်၍ ဆေးပေးခြင်း၊ ဆောင်ရန်ရှောင်ရန်များ ပြောကြားပေးခြင်းနှင့် မွေးကင်းစ နှစ်လအရွယ်မှစ၍ ငါးနှစ်အောက် ကလေးငယ်များအား အသက်အပိုင်းအခြားအလိုက် ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသင်းသင်းနွယ် ဦးဆောင်၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အလင်းသစ်**
**(ချမ်း/စည်)**



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ မေ ၃၀ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ စလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မောင်လွင်(စလင်း)

## ရွှေတောင်မြို့နယ်၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**ရွှေတောင် ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က တောင်လုံးညိုကျေးရွာ သာသနာ့ဝံသ (လေးကြီး) ဘုန်းတော်ကြီးကျောင်းဝင်း၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၀၈ ဦးတို့က ကျွန်း ၁၀၀၊ ပန်းပိတောက် ၅၀၊ မဟော်ဂနီ ၅၀၊ ခရေ ၅၀၊ ပျဉ်းကတိုး ၅၀၊ ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ကလောမြို့နယ်၌ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်



**ကလော ဇွန် ၂**

ကလောမြို့နယ် ဘော်နင်းခေတ်မီစံပြကျေးရွာ၌ ဇွန် ၁ ရက်က ရွှေဘော်နင်းစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ သက်တံ့ရောင်စီမံကိန်းဖြင့် ဒေသသီးနှံချင်းစိုက်ပျိုးသည့် အသင်းသားတောင်သူများအား ကလောမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်နှင့်တာဝန်ရှိသူများက အသင်းဝင်တောင်သူ ၂၅ ဦး၏ စိုက်ဧက ၁၂၀ အတွက် သွင်းအားစု ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

## ရွှေဘိုမြို့၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုများ ထောက်ပံ့



**ရွှေဘို ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး သီးနှံမျိုးစေ့၊ ဓာတ်မြေဩဇာနှင့်လက်ဆွဲမျိုးစေ့ချ ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ ရွှေဘိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးကြမည့် တောင်သူများအား သီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာနှင့် လက်ဆွဲမျိုးစေ့ချ ကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**အောင်ထွန်းခိုင်(ပြန်/ဆက်)**

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**ပေါင် ဇွန် ၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အထက(ပေါင်)ကျောင်း၌ ဆောင်ရွက်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## ကြာအင်းဆိပ်ကြီးမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**ကြာအင်းဆိပ်ကြီး ဇွန် ၂**

ကြာအင်းဆိပ်ကြီးမြို့၌ လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်း၊ လုပ်ငန်းများကွင်းဆင်း ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကြာအင်းဆိပ်ကြီးမြို့ အထကကျောင်းသို့ မြို့နယ်လဝကရုံးမှ မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းကြိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးရန်နောင်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး၊ ခရိုင်လဝကဦးစီးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူ ၂၀၀ အားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

## (၂-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၀၀,၃၂၈.၄၇ | ၈၅၉,၅၄၄.၅၈ | ၃၂,၈၀၆,၀၃၂.၉၈ | ၁၈,၅၄၁,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ မုယော၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်းများ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၉ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ၂-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ထာဝရကုသိုလ်ရယူဖို့၊
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာဘွဲ့သင်တန်းများ ဖွင့်လှစ်



**သထုံ ဇွန် ၂**

မွန်ပြည်နယ် သထုံမြို့နယ်ရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာနည်းပညာဘွဲ့သင်တန်းများကို ယမန်နေ့က စတင်ဖွင့်လှစ်ရာ ကွန်ပျူတာတက္ကသိုလ်(သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၇၂ ဦး အေးချမ်းစွာ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဘိုမြို့၌ စက်ချုပ်နည်းပညာသင်တန်းဖွင့်

**ရွှေဘို ဇွန် ၂**

ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို မေ ၂၉ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး သင်တန်းတွင် သင်တန်းသူ ၁၂ ဦးအား စက်ချုပ်သင်တန်းသုံးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံ၊ အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern



ဆွဲနည်း စသည်တို့ကို မေ ၂၉ ရက်မှ ဇွန် ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြော

**ပန်းတောင်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့



ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်သင်းသင်းအေးက မူးယစ်ဆေးဝါး၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးကြောင့် လူငယ်များ၏ အနာဂတ်လမ်း ပျောက်ကွယ်သွားနိုင်သည့် အခြေအနေများကို အသိပညာပေးဟောပြောပြီး စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကိုကျင်းပရာ ဆုရရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **လပြည့်လင်း(ပြန်/ဆက်)**

## ထပ်မံထုတ်ချေးပေးမည့် ချေးငွေအစီအစဉ်အသစ်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု အထောက်အကူပြုအခမ်းအနားကျင်းပ

**ချောင်းဆုံ ဇွန် ၂**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ



ထပ်မံထုတ်ချေးပေးမည့် ချေးငွေအစီအစဉ်အသစ်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု အထောက်အကူပြု အခမ်းအနားကို ယမန်နေ့က ကျွန်းသာယာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်မိုးမိုးလွင်က အမှာစကားပြောကြားကာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက စိုက်ပျိုးရေးနည်းပညာနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက လယ်ယာသုံးစက်ပစ္စည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ ချေးငွေနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## တာချီလိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်

**တာချီလိတ် ဇွန် ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဦးစီးမှူး ဦးသက်ဆွေဦးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးခြင်းကို ယမန်နေ့က မိုင်းကိုးကျေးရွာအုပ်စု အခြေခံ



ပညာ စက်/စိုက်/မွေးမြူရေး အထက်တန်းကျောင်း (မိုင်းကိုး)၌ ကွင်းဆင်းပြုလုပ်ရာ အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များ ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသော အခြေခံပညာ ကျောင်းများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**

## တနင်္သာရီမြို့နယ်၌ UID ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

**တနင်္သာရီ ဇွန် ၂**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံးမှ UID ကတ်ထုတ်ပေးခြင်းနှင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းကို ဇွန် ၁ ရက်က တနင်္သာရီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(တနင်္သာရီ)၌ ဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖိုလစ်ဝင်း၊ တနင်္သာရီ



မြို့မရဲစခန်းမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်မှုနှင့် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ စတင်တက်ရောက်နေမှုကို ဇွန် ၁ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်သန္တာဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ အိရွှေစင်လတ်(လှည်းကူး)



သထုံမြို့နယ်အတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်နေမှုကို ဇွန် ၂ရက် နံနက်ပိုင်းတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းနှင့် တာဝန်ရှိသူတို့က လိုက်လံကြည့်ရှုစဉ်။ ခရိုင်(ပြန်/ဆက်)



မုဒုံမြို့နယ်၌ အခြေခံပညာကျောင်းများ ဇွန် ၁ တွင် စတင်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုများကို ဇွန် ၂ ရက် နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးတို့က လိုက်လံကြည့်ရှုစဉ်။ ရာမည(ပြန်/ဆက်)



လင်းခေးခရိုင်အဆင့် ရာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကားပြောကြားစဉ်။ စိုင်းဇော်လတ်(လင်းခေး)



မအူပင်မြို့၌ ဆိုင်ကယ်စီးဦးထုပ် အခမဲ့ဝေငှပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းကို ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဝင်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က လူစည်ကားရာနေရာများ၌ ဇွန် ၁ ရက်က ဆောင်ရွက်စဉ်။ အောင်မြင့်မြတ်(ပြန်/ဆက်)

## ဖြန့်ဖြူးသူ ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Bailing Agrochemical Co.,Ltd, China မှ ထုတ်လုပ်ပြီး New Asia High-Tech Seeds Company Limited မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေး၏ ကုန်သွယ်မှုအမည် ပြောင်းလဲတင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါ၍ ကုန်သွယ်မှုအမည် ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | | အဆိပ်ရှိပစ္စည်း | မှတ်ပုံတင် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|
| | မူလအမည် | ပြောင်းလဲမည့်အမည် | | အမျိုးအစား | |
| ၁ | Me One | ပြောင်းရိန်းဂျားဝမ်း | Mesotrione 15% SC | Prov. | P2023-6017 |

New Asia High-Tech Seeds Co. Ltd. Phone: 09-5333316

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၅၆/က) ဟုခေါ်တွင်သော အလျား ပေ (၆၀)xအနံ ပေ(၂၀)ရှိ တရားဝင် အမည်ပေါက် ဦးကျော်ဝင်း (ဘ)ဦးအုံးဖေ (ကွယ်လွန်)၏ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို ဦးကျော်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်နှင်း ၁၂/ဗဟန(နိုင်) ၀၆၆၈၇၀ထံမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။အဆိုပါ မြေကွက်ပိုင်ဆိုင်မှု ရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေဇော်လင်း ၈/မသန(နိုင်) ၁၅၃၅၀၈**
**ဖုန်း-၀၉-၄၀၁၅၄၈၉၉၄၊ ၀၉-၄၂၈၆၂၉၂၆၃**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆/ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၁၁၆၄)နေ ဒေါ်သန်းသန်းဌေး(ဘ) ဦးသာအောင် ၁၂/ဥကမ(နိုင်)၁၄၁၁၅၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၆/ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၁၁၆၄) အကျယ်အဝန်း (၂၇ပေx၆၀ပေ)ရှိ မြေကွက်နှင့် နေအိမ်အား ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါအိမ်နှင့်မြေ၏ ပိုင်ဆိုင်မှုသည်ကျွန်ုပ်တို့၏ မိတ်ဆွေ တစ်ဦးတည်းသာ ပိုင်ဆိုင်ခြင်းဖြစ်ပြီး အခြားမည်သူ တစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
ဒေါ်သန်းသန်းဌေး
၁၂/ဥကမ(နိုင်)၁၄၁၁၅၉

**လွှဲအပ်ညွှန်ကြားချက်အရ -**
ဦးဝင်းသိန်း (LL.B) အထက်တန်းရှေ့နေ
(စဉ်-၅၀၅၂၅/၂၀၁၈)
အမှတ်(၁၃၇) B-2၊Peter and Paul Condo ၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၁၁၈၉၄၈

ဦးကောင်းမြတ်ကျော် (LL.B)အထက်တန်းရှေ့နေ
(စဉ် - ၅၀၆၆၃၊ ၂၆-၃-၂၀၁၉)
ထန်းပင်ကုန်းရပ်ကွက်၊ သန်လျင်မြို့နယ်။
ဖုန်း-၀၉-၂၅၄၅၅၀၇၀၀

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/57218, Dayang 125 ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်ဇော် ၁၂/မဘန(နိုင်) ၀၀၆၀၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/24694 Kamax 110(k-2) M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအေး ၉/အမရ(နိုင်)၀၉၈၄၃၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5R/1406 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်(စံပြ) ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၅၉)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ် တိုက်၏ ၆-လွှာ / ခြေရင်းခန်း(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၅ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်နန်းဝေလှိုင် (၁၂/ဒဂတ(နိုင်)၀၇၃၉၆၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောထွန်းနိုင် (၁၂/တမန(နိုင်)၁၁၁၃၁၂)က အပြီးအပိုင် ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် (၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ် (၁၄၀)၊ မြေဧရိယာ (၀.၀၆၆)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်လှသန်း(ခ)ပေါ်ကြီး ၉/မမန(နိုင်) ၀၂၆၄၃၇)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာ ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာ ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

